မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ဦးတန်ခူးလပြည့်ကျော် ၁၀ ရက်၊ ၂၀၀၈ ခုနှစ်၊ ဧပြီ ၃၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၇)၊ အမှတ် (၂၀၈)

အရိယ သစ္စာန ဒဿနံ ဧတံ မင်္ဂလ မုတ္တမံ

မြတ်စွာဘုရားဟောကြားတော်မူသော သစ္စာလေးပါး တရားကို သိမြင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

■ **အခြေခံဥပဒေ အတည်ပြုရေးသည် ယနေ့ ပြည်သူအားလုံး၏ အမျိုးသားရေးတာဝန် ဖြစ်သည်။ အမျိုးသားရေးအကျိုး လိုလားသူတိုင်း ထောက်ခံမဲပေးကြစို့။**

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာသွားသော

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ပို့ဆောင်နှုတ်ဆက်

နေပြည်တော် ဧပြီ ၂၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်)စွန်ထော်ရဝဲ့၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် ယနေ့မွန်းတည့် ၁၂ နာရီတွင် အထူးလေယာဉ်ဖြင့် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီး ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

ယခင် အခြေခံဥပဒေဟောင်းနှစ်ခုနှင့် ယခု အခြေခံဥပဒေသစ်တို့ကို နှိုင်းယှဉ်လေ့လာပါက သာမန်ပြည်သူတစ်ဦးအနေဖြင့် ယခုအခြေခံဥပဒေသစ်ကို ပိုမို၍ လိုလားနှစ်သက်လက်ခံမည်ဟု ယူဆပါသည်။ အဘယ်ကြောင့်ဆိုသော် တိုင်းရင်းသား(နိုင်ငံသား)တစ်ဦးစီ၏ နှလုံးသားအသီးသီးသည် ပြည်ထောင်စုကြီး၏ နှလုံးသားနှင့် ရေသောက်မြစ်အဖြစ် အပြန်အလှန် အမြစ်တွယ်ယှက်နွယ်စီးဆင်းနေ၍ ဖြစ်သည်။

စာဖတ်သူတစ်ဦး၏ဆောင်းပါး စာ-၁၀

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဧပြီ ၃၀ ရက်)

စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အရည်အသွေးမီ ကုန်ပစ္စည်းများထုတ်လုပ်

နိုင်ငံတော်က စိုက်ပျိုးရေးကိုအခြေခံပြီး စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။ စက်မှုဇုန်များ ထူထောင်ခြင်း၊ စက်ရုံအလုပ်ရုံသစ်များ တိုးချဲ့တည်ဆောက်ခြင်းများနှင့်အတူ သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းများ ဖြစ်ထွန်းလာရေးအတွက် အဘက်ဘက်က စီမံဖြည့်ဆည်းပေးလျက်ရှိသည်။

စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကဏ္ဍအလိုက် ပံ့ပိုးကူညီပေးလျက်ရှိရာ သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းများ ဖြစ်ထွန်းနေပြီဖြစ်သည်။ တောင်ကြီးမြို့ရှိ အေးသာယာစက်မှုဇုန်တွင် အဆင့်မြင့်နည်းပညာများနှင့် ခေတ်မီသံရည်ကျို၊ စက်ခုတ်စားအလုပ်ရုံ၊ ပုံလောင်းပုံထောင်း စက်ရုံများ ထူထောင်ထားရှိပြီးဖြစ်ရာ အရည်အသွေးကောင်း စက်ပစ္စည်းအစိတ်အပိုင်းများ တိုးတက် ထုတ်လုပ်လျက်ရှိသည်။

ထို့ပြင် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းပက်ဒေသတွင် သံစိမ်းထုတ်လုပ်မှုစက်ရုံ၊ ဘီလပ်မြေစက်ရုံတို့ကို တည်ဆောက်ပြီး သွင်းကုန်အစားထိုးကုန်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးနေပြီ ဖြစ်သည်။ ယခုအခါ အေးသာယာစက်မှုဇုန်တွင် မော်တော်ယာဉ်ငယ်များ၊ ဘက်စုံသုံးဇီဝမီးဖို၊ ရေအားလျှပ်စစ်ထုတ် စက်များ၊ စက်အရန်ပစ္စည်းများ၊ လက်တွန်းထွန်စက်နှင့် လယ်ယာသုံးစက်ကိရိယာများ ထုတ်လုပ်ပေးနေပြီ ဖြစ်သည်။

ဈေးကွက်စီးပွားရေးစနစ် ဖော်ဆောင်ရာတွင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံ့စီးပွား မြင့်မားတိုးတက်လာမည်ဖြစ်ရာ နိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်များ စက်မှုလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံပိုင်စက်ရုံအချို့ကို ပုဂ္ဂလိကပိုင်အဖြစ် လွှဲပြောင်း လုပ်ကိုင်ခွင့်များ ချထားပေးလျက်ရှိသည်။ နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပပို့ကုန်တိုးမြှင့်ရေး၊ ပြည်ပသွင်းကုန်လျှော့ချပြီး သွင်းကုန်အစားထိုးလုပ်ငန်းများ တိုးပွားရေးကြိုးပမ်းလျက်ရှိရာ စက်ရုံအလုပ်ရုံအလိုက် ကုန်ထုတ်စွမ်းအား တိုးတက်မြင့်မားရေး ကြိုးပမ်းကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ စက်မှုကဏ္ဍတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် ကြိုးပမ်းဆောင်ရွက်ရင်း သုံးစွဲသူအကြိုက် ကုန်ပစ္စည်းများကို အရည်အသွေးမီ တိုးမြှင့်ထုတ်လုပ်ခြင်းဖြင့် ပြည်သူများ၏လိုအပ်ချက်ကို ပိုမိုအထောက်အကူပြု ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း အလုံမြို့နယ် ဇရာဝတီလမ်း အမှတ် ၁၅ နေ ဒေါ်ကျင်အေး၏ (၇၂)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဒဂုံမြို့နယ် အမှတ် ၁၂ စကားဝါလမ်း မင်းကွန်းတိပိဋကဆရာတော်ကြီး၏ တိပိဋကရွှေရတု ငွေရတု ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တနန္ဒကထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ဘဏ္ဍာ) ဦးသိန်းကျော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၃၀-၄-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	မြန်မာသကြင်္န်
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄း၃၀	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀	၅။	မျိုးချစ်တပ်မတော်
၅း၀၀	၆။	အမျိုးသားရေးတေးကဗျာ
၅း၂၀	၇။	ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅း၃၀	၈။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၄၀	၉။	မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၅၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၄။	ကာတွန်းအစီအစဉ် **ငါးကလေးရဲ့စွန့်စားခန်း** (အပိုင်း-၄၂)
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်တွင်တဲ့သူရဲကောင်း** (အပိုင်း-၅၉)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	လူရွှင်တော်ရွှေဖလား
	၂၀။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဆန့်ကျင်ဘက်နှလုံးသား** (အပိုင်း-၃)

မြောင်းမြမြို့နယ်၌ စမ်းချောင်းလမ်း ကတ္တရာလမ်းသစ်ဖွင့် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ တက်ရောက်အားပေး

နေပြည်တော် ဧပြီ ၂၉

ဧရာဝတီတိုင်း မြောင်းမြခရိုင် မြောင်းမြမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသော စမ်းချောင်းလမ်း ကတ္တရာလမ်းဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၄ ရက် နံနက် ၈ နာရီက အဆိုပါလမ်းဖွင့်ပွဲမုခ်ဦး၌ ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ တက်ရောက်အားပေးသည်။ (အပေါ်ပုံ)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးဝင်းက လမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး လမ်းကို မြောင်းမြမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်နိုင်နှင့် အမှုဆောင်အရာရှိ ဦးစိုးဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက လမ်းအားဖြတ်သန်း ကြည့်ရှုစစ်ဆေးသည်။

အဆိုပါလမ်းသည် အလျား ပေ ၂၁၅၀၊ အကျယ် ၁၂ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၈၇ သိန်းကျော်နှင့် လမ်းနေပြည်သူ ထည့်ဝင်ငွေကျပ် ၄၁သိန်းကျော်ဖြင့် ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

ထို့နောက် တိုင်းမှူးသည် မြောင်းမြမြို့ အထက(၁) ပညာရတနာခန်းမတွင် ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊လူမှုရေးအသင်းဝင်များ၊မြောင်းမြမြို့ရှိ စက်ရုံ၊ အလုပ်ရုံလုပ်ငန်းရှင်များနှင့် လုပ်သားများအား တွေ့ဆုံကာ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅) ရပ်ချမှတ်အကောင် အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေ၊ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခုဖြင့် ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ အကောင်အထည်ဖော်နေမှုများကို အကျယ်တဝင့်ဆွေးနွေး မှာကြားပြီး တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက် အားပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် မြောင်းမြမြို့ ဘုရားချောင်ရပ်ကွက်ရှိ ကျောဆန်စက်သို့ ရောက်ရှိပြီး ဆိပ်ကမ်းတစ်လျှောက် ဆန်စက်များတည်ရှိမှုနှင့် စပါးများကြိတ်ခွဲရန် ဆန်စက်များသို့ လှေ၊ သင်္ဘောများဖြင့် တင်ချနေမှုကို လည်းကောင်း၊ ကျော်ဆန်စက်၏စပါးများ ကြိတ်ခွဲ၊ ခြင်တွယ်၊ ထုပ်ပိုး၊ သိုလှောင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

(သတင်းစဉ်)

ပွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမြေစိုက်ပိုစတာ လွိုင်လင်၌ စိုက်ထူ

နေပြည်တော် ဧပြီ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ လှုံ့ဆော်ရေးမြေစိုက်ပိုစတာ စိုက်ထူပွဲကို ဧပြီ ၂၅ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့ မြို့မဈေးကြီးရှေ့၌ ကျင်းပသည်။

စိုက်ထူ

မြေစိုက်ပိုစတာများအဖြစ် "အခြေခံဥပဒေအတည်ပြုရေးတာဝန်သည် ယနေ့ ပြည်သူအားလုံး၏ အမျိုးသားရေးတာဝန်ဖြစ်သည်။" "အမျိုးသားရေးအကျိုး လိုလားသူတိုင်း ထောက်ခံမဲပေးကြစို့"၊ "မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်၊ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်၊ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်"ဟူသည့် မြေစိုက်ပိုစတာများကို ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများက ဝိုင်းဝန်းစိုက်ထူခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖခင် ဦးထွန်းရွှေအား ရည်စူး၍ မိခင်ဒေါ်ယဉ်မေအား အမှူးထားကာ အမှတ် ၅၃၁ မိဘမေတ္တာခြံ မာလာမြိုင်လမ်း ကမာရွတ်မြို့နယ် ကိုညီညီထွန်း-Dinh Vu Thanh Ha မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ မျက်စိကုလေဆာစက် အတွက် အလှူငွေကျပ် ငါးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဦးသန်းထွန်း လက်ခံယူစဉ်။ (က-ပ)

● ရွှေဖုံးမှ

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဗိုလ်ချုပ်သာအေး၊ ဗိုလ်ချုပ်ခင်ဇော်နှင့် စစ်ရေးချုပ်ဗိုလ်ချုပ်သူရမြင့်အောင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Prasas Prasasvinitchai နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

လိုက်ပါသွား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ၊ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများလိုက်ပါသွားကြသည်။

(သတင်းစဉ်)

ကုသိုလ်ကောင်းမှုပြုသူ အကြီးအမျုးဖြစ်

ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သောသူသည် အများသူငါတို့ထက် မြတ်သော အကြီးအမျုးအဖြစ်သို့ ရောက်၏။ ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သော သတိတရားကို ပညာရှိတို့ ချီးမွမ်းကုန်၏။ ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်းကို ပညာရှိတို့ အမြဲကဲ့ရဲ့ကုန်၏။

ဓမ္မပဒ (၃၀)

ဝိပဿနာတရားစခန်းပွဲ

ရန်ကုန် ဧပြီ ၂၉

မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် ရန်ကင်းအေးငြိမ်းရိပ်သာ (မောင်းထောင်မြေဖင်းတောရတိုက်ခွဲ)၌ ဝိပဿနာ တရားတော်များကို ဆရာတော် အရှင်ကေလာသမှ မောင်းထောင်မြေဖင်းတောရ ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပို့ချဟောကြားမည်ဖြစ်ရာ တရားစခန်းဝင်ရောက်လိုသူများသည် တစ်လကြိုတင်၍ ဖုန်း-၀၂-၅၇၂၅၃သို့ ဆက်သွယ်စာရင်း ပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၃၀-၄-၂၀၀၈ ရက်
(ဗုဒ္ဓဟူးနေ့)
နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၅၀ ၄။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈:၀၅ ၅။ ရခိုင်ချောင်တံတား
- ၈:၁၅ ၆။ ကြေးမုံရိပ်သွင် တေးနှယ်ဉ်
- ၈:၃၀ ၇။ International News

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄:၂၅ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ
  - ဒုတိယနှစ်(သမိုင်းအထူးပြု) (သမိုင်း)
- ၄:၄၅ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၀၀ ၅။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၅:၂၀ ၆။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
- ၆:၀၀ ၇။ ညနေခင်းသတင်း
- ၆:၃၀ ၈။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၉။ မြန်မာ့ဓလေ့ ရိုးရာလက်ဝှေ့
- ၆:၅၅ ၁၀။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
- ၇:၂၀ ၁၁။ ဖွံ့ဖြိုးအောင်မြင် မနော‌မြေတစ်ခွင် (အပိုင်း-၁)
- ၇:၃၀ ၁၂။ အတည်ပြုစို့ အခြေခံဥပဒေ
- ၇:၄၀ ၁၃။ စိတ်အားထက်သန် ဆန္ဒအမှန်
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ လယ်မိုးလေဝသနှင့်ဇလဗေဒ ခန့်မှန်းချက်
- ၁၈။ သပြေကုန်းမှ ရွှေအပြေးများ
- ၁၉။ မြန်မာရုပ်ရှင် **အချစ်သည်လေပြည်**(အပိုင်း-၂) ဒွေး၊ စိုင်းဘိုဘို၊ ဖြိုးငွေစိုး၊ အိန္ဒြာကျော်ဇင်၊စမိုင်းလ်၊နဝရတ် (ဒါရိုက်တာ-ကိုအောင်မင်းသိမ်း)
- ၂၀။ အစီအစဉ်ပြီး၏။

မဲပေးထောက်ခံကြပါစို့

စိမ်းလဲ့ကန်သာ၊ ရေဇလာဝယ်
ရွှေကြာရှိမှ၊ ပန်းရ၍
အလှယဉ်ဆင့်၊ ကန်လည်းတင့်၏။

စကြာယာဉ်မျိုး၊ ဂုဏ်သိန်တိုးဖို့
ကကြိုးတန်ဆာ၊ စုံလင်စွာနှင့်
လက်ရာကောင်းမွန်၊ တိုင်းထက်လွန်လည်း
တံခွန်ကုက္ကား၊ မပါငြားက
ရထားမမည်၊ စံမမီ၍
စုံညီပွဲလယ် မတင့်တယ်တည့်....။

ရှာငယ်သမုတ်
ဇမ္ဗူဒိပ်မှ၊ သမုဒ်ပြင်နှယ်
အပြောကျယ်သည့်၊ နယ်ကိုပိုင်စိုး
နိုင်ငံမျိုးပင်၊ ဖြစ်ပါလျှင်လည်း
ရှစ်ခွင်လေးရပ်၊ ရွှေကြိုးသတ်၍
သတ်မှတ်နယ်မြေ၊ ဥပဒေနှင့်
ထွေထွေစည်းကမ်း၊ စဉ်ပြဋ္ဌာန်းမှ
ချမ်းမြေ့ပြည်သူ၊ ဘေးမပူဘဲ
သာတူညီမျှ၊ ခွင့်ရေးရလျက်
ပြည့်ဝစေစည်၊ ရွှေတိုင်းပြည်ဟု
စံမီတိုးတက်ပေလိမ့်မည်....။

သို့ဆိုလျှင်ကား
ရထား,အလံ၊ ကြာနှင့်ကန်သို့
နိုင်ငံ,ဥပဒေ၊ တည်ရှိလေအောင်
လှည်းနေလှေအောင်း၊ လူအပေါင်းက
ကျိုးကြောင်းဆင်ခြင်၊ ဉာဏ်ဖြင့်ယှဉ်၍
အလျင်မနှေး၊ မဲရုံပြေး၍
မဲပေး ထောက်ခံကြပါစို့....။ ။

ရန်ကြီးအောင်

ကျောက်ဆည်၌ စက်ရေတွင်း စမ်းသပ်မောင်းနှင်

ရန်ကုန် ဧပြီ ၂၉

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် သာမန်ပြင်ထိန်းရန်ပုံငွေဖြင့် ပြုပြင်ခဲ့သော ဇီးပင်ကျေးရွာအလှူရှင် စက်ရေတွင်းရေစမ်းသပ်မောင်းနှင်နေမှုကို ဧပြီ ၃ ရက်က အမှုဆောင်အရာရှိ ဦးမျိုးသိန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးရွှေထွန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

● အခြေခံဥပဒေ အတည်ပြုဖို့ မဲရုံသွား၍ မဲပေးစို့။

နီပေါအလုပ်သမားများအလုပ်အကိုင် ရရှိရေး ဘာရိန်းနှင့်အလုပ်သမားစာချုပ် ချုပ်ဆိုမည်

ခတ္တမန္ဒူ ဧပြီ ၂၉

နီပေါနှင့်ဘာရိန်းနိုင်ငံတို့သည် နီပေါအလုပ်သမားများ ပင်လယ်ကွေ့နိုင်ငံသို့ တရားဝင်အလုပ်အကိုင်များ ရရှိနိုင်မည့် အခွင့်အလမ်းတစ်ရပ်အဖြစ် နှစ်နိုင်ငံအကြား အလုပ်အကိုင်စာချုပ်ကို လက်မှတ်ရေးထိုးကြမည် ဖြစ်သည်။

ရောက်ရှိ

ဘာရိန်းအလုပ်သမားဝန်ကြီး မာဂျစ်ဘင်မူရှင်အယ်လ်အာလာဝီသည် အဖွဲ့ဝင်ကိုးဦးလိုက်ပါလျက် နီပေါနိုင်ငံခတ္တမန္ဒူမြို့သို့ သုံးရက်ကြာခရီးအဖြစ် ဧပြီ ၂၈ ရက်က ရောက်ရှိလာသည်။

စီစဉ်ထား

အာလာဝီသည် နီပေါအလုပ်သမားဝန်ကြီး ရာမက်ချ်လက်ဟက်နှင့် အလုပ်သမားများခေါ်ယူရေး နားလည်မှုစာချုပ်ကို လက်မှတ်ရေးထိုးရန် စီစဉ်ထားကြောင်း အလုပ်သမားနှင့် ပို့ဆောင်ရေး စီမံခန့်ခွဲမှုဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အပ်ဒွေဗဇက်စကိုဒါက ပြောကြားသည်။

နှစ်နိုင်ငံသဘောတူညီချက်အရ နီပေါအလုပ်သမားများသည် ဘာရိန်းနိုင်ငံသို့ တရားဝင်အလုပ်အကိုင်များ လုပ်ကိုင်ခွင့်ရရှိတော့မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ လောလောဆယ်တွင် နီပေါနိုင်ငံသား ၁၀၀၀၀ ခန့် ဘာရိန်းနိုင်ငံ၌ အလုပ်အကိုင်များ သွားရောက် လုပ်ကိုင်လျက်ရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အမေရိကန်နိုင်ငံ ဗာဂျီးနီးယားပြည်နယ်တွင် လေဆင်နှာမောင်း တိုက်ခတ်သွားပြီးနောက် မော်တော်ယာဉ်များ တိမ်းမှောက်နေသည်ကို ဧပြီ၂၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အမေရိကန်၌ လေဆင်နှာမောင်း တိုက်ခတ် နေအိမ် ၂၀ ကျော်ပျက်စီး၊ လူ ၂၀၀ကျော်ဒဏ်ရာရ

ဝါရှင်တန် ဧပြီ ၂၉

အမေရိကန်နိုင်ငံ ဗာဂျီးနီးယားပြည်နယ် အလယ်ပိုင်းနှင့် အရှေ့တောင်ပိုင်းဒေသများတွင် အင်အားပြင်း လေဆင်နှာမောင်းသုံးခု တိုက်ခတ်သွားမှုကြောင့် နေအိမ် ၂၀ ကျော်ပျက်စီးသွားခဲ့ပြီး လူ ၂၀၀ ကျော် ဒဏ်ရာရရှိသွားခဲ့သည်။

ပြောကြား

လေဆင်နှာမောင်းနှစ်ခု တစ်ပြိုင်တည်းတိုက်ခတ်မှုကြောင့် နေအိမ်များ၊ စတိုးဆိုင်များနှင့် ကားများ ပျက်စီးသွားကာ သစ်ပင်များလည်း လဲပြိုကျသွားခဲ့ကြောင်း၊ အနည်းဆုံး လူတစ်ဦး သေဆုံးခဲ့ကြောင်း ဗာဂျီးနီးယားပြည်နယ် အုပ်ချုပ်ရေးအဖွဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ထုတ်ပြန်ထား

လေဆင်နှာမောင်းများ တိုက်ခတ်နေစဉ် အချို့မှာ စတိုးဆိုင်ကြီးများတွင် ပိတ်မိနေခဲ့ကြောင်း၊ အချို့မှာမူ ၎င်းတို့၏ကားများအတွင်း၌ပင် တံခါးများပိတ်၍ နေခဲ့ရကြောင်း၊ လေဆင်နှာမောင်းဒဏ်ခံရသောဒေသများအတွက် ကယ်ဆယ်ရေးလုပ်ငန်းများကို ပြုလုပ်လျက်ရှိပြီး ဧပြီ ၂၈ရက် ညပိုင်းအထိ သတိပေးချက်များ ထုတ်ပြန်ထားကြောင်း ၎င်းက ထပ်လောင်း ပြောကြားသည်။

(အင်တာနက်)

ယူကရိန်းရဟတ်ယာဉ် ပင်လယ်နက်အတွင်းပျက်ကျ လိုက်ပါသူ ၁၉ ဦး သေဆုံးခဲ့ရ

ကီယက်ဗ် ဧပြီ ၂၉

ယူကရိန်း မီအိတ်လေယာဉ်အမျိုးအစား ခရီးသည်တင် ရဟတ်ယာဉ်တစ်စင်းသည် ဧပြီ ၂၈ ရက်က ပင်လယ်နက်ထဲ ပျက်ကျသွားရာ ၁၉ ဦး သေဆုံးသွားကြောင်း ရုရှားသတင်းဌာန အီတာတာ့စ်က ဖော်ပြသည်။

အတည်ပြု ပြောကြား

ယင်းရဟတ်ယာဉ်သည် ကမ်းလွန်ရှိ ဓာတ်ငွေ့တူးစင်နှင့်တိုက်မိပြီး ပျက်ကျသွားခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ရဟတ်ယာဉ်ပေါ်တွင် လူ၂၀လိုက်ပါသွားရာ တစ်ဦးသာ အသက်ရှင်ကျန်ရှိကြောင်း ယူကရိန်းသတင်းဌာနက အတည်ပြု ပြောကြားသည်။

ပြီးခဲ့သည့်လကလည်း ယူကရိန်းရဟတ်ယာဉ်တစ်စင်း ပင်လယ်နက်အတွင်း ပျက်ကျခဲ့ရာ ၁၂ ဦး သေဆုံးသွားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

မီအိတ် ရဟတ်ယာဉ်များသည် ယခင်ဆိုဗီယက်ခေတ်က အရပ်ဘက်နှင့် စစ်ဘက်တို့တွင် အသုံးများသော ရဟတ်ယာဉ်များ ဖြစ်သည်။

(အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ မှုခင်းဖြစ်ရပ်

ရွှေလက်တွဲရန် အကြောင်းကမပန်

နယူးယောက်မြို့သည် အမေရိကန်နိုင်ငံ အရှေ့မြောက်ပိုင်းရှိ နယူးယောက်ပြည်နယ်၏ မြို့တော်ဖြစ်ပြီး ယင်းပြည်နယ်၏ အရှေ့တောင်ပိုင်းတွင်တည်ရှိကာ လူဦးရေ ၁၉ သန်းကျော်နေထိုင်သည့် အလွန်စည်ကားလှသော မြို့ကြီးဖြစ်သည်။ ထို့အပြင် ပင်လယ်ဆိပ်ကမ်းမြို့ကြီးလည်း ဖြစ်ကာ သာယာလှပသည်။

ဧည့်ခံကျွေးမွေး

နယူးယောက်မြို့အပိုင်ကွီးစ်လန်းအရပ်တွင် လွန်ခဲ့သော နှစ်နှစ်က ဖြစ်ပွားခဲ့သည့် ကြေကွဲဖွယ်ရာဖြစ်ရပ်တစ်ခုသည် ယခုအခါ ဝမ်းနည်းစရာ၊ ဒေါသထွက်စရာ၊ မကျေနပ်စရာများ ပြည့်နှက်လျက် ပြီးဆုံးသွားခဲ့လေပြီ။ ထိုဖြစ်ရပ်တွင် ကြေကွဲဖွယ်ရာ သေဆုံးခဲ့သူ ထိုစဉ်က အသက် ၂၃ နှစ်ရှိ ဆီအန်ဘဲလ်နှင့် လက်ထပ်မည့် နီကိုးလ်ပေါလ်ထရီဘဲလ်မှာလည်း ဥပဒေ၏ အဆုံးအဖြတ် ဖြစ်သဖြင့် မည်သို့မျှ မတတ်နိုင်တော့ဘဲ လက်မှိုင်ချကာ ဝမ်းနည်းကြေကွဲစွာ အိမ်ပြန်ခဲ့ရတော့သည်။ သူမအဖို့ ချစ်သူ ဆီအန်ဘဲလ်နှင့် လက်တွဲရန် နာရီပိုင်းမျှ အလိုတွင် ချစ်သူနှင့် ထာဝရကျောခိုင်းဝေးကွာခဲ့ကြရတော့သည်။ ထိုနေ့ ထိုရက်သည် သူမ၏ အသည်းနှလုံးကို ရင်ထဲမှ ထုတ်ယူပစ်သကဲ့သို့ ခံစားခဲ့ရသော နေ့ရက်ဖြစ်သဖြင့် သူမ၏ဘဝတွင်ထာဝရ နာကျင်စွာ အမှတ်တရ ရှိနေခဲ့သည်။ သူမအနေဖြင့် နှစ်ကြိမ်တိုင်တိုင် ရှုံးနိမ့်ခဲ့ရသူဖြစ်သဖြင့် သူမ ရင်ဆိုင်ကြုံတွေ့ခဲ့ရသော အဖြစ်သနစ်တို့သည်လည်း အဟောင်းမှ အသစ်ဖြစ်လာပြန်တော့သည်။ နီကိုးလ်အဖို့ ချစ်သူနှင့် ကမ္ဘာဆုံးတိုင်ဝေးခဲ့ရသော ၂၀၀၆ခုနှစ် နိုဝင်ဘာလ၂၅ရက်ကို အသည်းထဲတွင် စွဲနစ်နေအောင် မှတ်မိနေသည်။ ချစ်သူ ဆီအန်ဘဲလ်နှင့် နီကိုးလ်ပေါလ်ထရီဘဲလ် **(ယာပုံ)**တို့သည် ၂၀၀၆ခုနှစ် နိုဝင်ဘာ ၂၆ရက်နေ့ တွင် လက်ထပ်ထိမ်းမြားကြရန် အားလုံး စီစဉ်ထားပြီးဖြစ်ရာ သူတို့နှစ်ဦး အလွန် ပျော်ရွှင်ခဲ့ကြသည်။ လက်မထပ်မီ နှစ်ရက်ဖြစ်သည့် နိုဝင်ဘာ ၂၄ရက်ညတွင် ဆီအန်ဘဲလ်သည် ၎င်း၏ လူပျိုနောက်ဆုံးည အထိမ်းအမှတ်အဖြစ် ၎င်းတို့၏ အရပ်ဖြစ်သည့် ကွီးစ်လန်း ဆင်ခြေဖုံးဒေသရှိ စားသောက်ဆိုင် တစ်ခု၌ မိတ်ဆွေများဖြစ်သည့် ထရင့်ဘင်ဖီးလ်၊ ဂျိုးဇက်ဂတ်ဇ်မန်းတို့ကို ဧည့်ခံကျွေးမွေးခဲ့သည်။

ပွတ်တိုက်မိ

ဆီအန်ဘဲလ်အဖို့ ထိုညသည်ပင် သူ၏ နောက်ဆုံးညဖြစ်သည်ကို မသိခဲ့ပေ။ သူတို့ မိတ်ဆွေသုံးဦး စားသောက်ကြရင်းဖြင့် ၂၀၀၆ခုနှစ် နိုဝင်ဘာ ၂၅ရက်သို့ ချင်းနင်းဝင်ရောက်ကာ နံနက် ၄နာရီအချိန်တိုင်ခဲ့သည်။ ထိုအချိန်တွင် စားသောက်ဆိုင် ပရိဝုဏ်အတွင်းသို့ ရဲအရာရှိငါးဦး ကားဖြင့် တရကြမ်းဝင်ရောက်လာခဲ့သဖြင့် အေးဆေးစွာ စားသောက်နေသော သူတို့သုံးဦးမှာ ကြောက်လန့်တကြားဖြင့် သုံးဦးသား သူတို့ ကားရှိရာသို့ တစ်ဟုန်ထိုး ထွက်ပြေးခဲ့ကြသည်။ မိတ်ဆွေနှစ်ဦးအား ဧည့်ခံနေသော ဆီအန်ဘဲလ်မှာ သူ၏ တောင်ဆုပ်ခန့်ရှိ ပိုက်ဆံအိတ်ကို လက်တွင်ကိုင်ကာ ကားဆီသို့ အရောက်ပြေးကာ တက်ရောက်မောင်းနှင်ခဲ့သဖြင့် ရဲများ၏ကားကိုပင် ဝင်ရောက် ပွတ်တိုက်မိခဲ့လေသည်။

ဒဏ်ရာရ

ရဲအရာရှိငါးဦးမှာ အဆိုပါစားသောက်ဆိုင်အား မူးယစ်ဆေးဝါး ကျော်စောမှုဖြင့် စုံစမ်းစစ်ဆေးနေချိန်တွင် ထွက်ပြေးသူ သုံးဦးအားမူးယစ်ဆေးဝါးနှင့် ပတ်သက်သူများဟု သံသယရှိသည့်အပြင် ဆီအန်ဘဲလ်၏ ပိုက်ဆံအိတ်အား ပြန်လည်ခုခံရန် လက်နက်ဟုထင်ကာ သူတို့သုံးဦးအား သဲကြီးမဲကြီးပစ်ခတ်ကြတော့သည်။ ဆီအန်ဘဲလ်တို့သုံးဦးစီးနင်းသွားသော ကားအား ရဲအဖွဲ့ကကားဖြင့်လိုက်လံပြီး အချက်ပေါင်းများစွာ ပစ်ခတ်ခဲ့ရာ နောက်ဆုံးတွင် ဆီအန်ဘဲလ်၏ကားမှာ ရပ်တန့်သွားတော့၏။ ထိုအခါမှ ရဲအရာရှိများက ဆီအန်ဘဲလ်၏ ကားအား သွားရောက်စစ်ဆေးရာ ဆီအန်ဘဲလ်မှာ သေဆုံးနေပြီး ၎င်း၏မိတ်ဆွေ ထရင့်ဘင်နီဖီးလ်နှင့် ဂျိုးဇက်ဂတ်ဇ်မန်းတို့မှာ အသက်အန္တရာယ် စိုးရိမ်ရလောက်အောင် ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်။

ရင်ဆိုင်ခဲ့ကြရ

ယင်းပစ်ခတ်မှုတွင် သေဆုံးခဲ့သူဆီအန်းဘဲလ်၏မိသားစုနှင့် ၎င်းအား လက်ထပ်မည့် သတို့သမီးလောင်း နီကိုးလ်ပေါလ်ထရီဘဲလ်တို့၏ တိုင်ကြားမှုကြောင့် တာဝန်ရှိသူများက စစ်ဆေးခဲ့ရာ ရဲအရာရှိသုံးဦးဖြစ်သောမိုက်ကယ်လ်အိုလီဗာ၊ ဂက်စ်ကာ့ဒ်အစ်(စ်) နီရာနှင့် မာ့က်ကူးပါးတို့သည် လက်နက်မဲ့သော ဆီအန်ဘဲလ်နှင့် မိတ်ဆွေနှစ်ဦးအားသေနတ်အချက်ပေါင်း ၅၀ခန့် ပစ်ခတ်ခဲ့သည်ကို စစ်ဆေးတွေ့ရှိခဲ့ကြသည်။ သေနတ်အချက် ၃၁ ချက် ပစ်ခတ်ခဲ့သူ မိုက်ကယ်လ်အိုလီဗာနှင့် ၁၁ချက်ပစ်ခတ်ခဲ့သူ အစ်(စ်)နီရာတို့သည် ထောင်ဒဏ် ၂၅နှစ်ကျခံရမည့်စွဲချက်ဖြင့် ရင်ဆိုင်ခဲ့ရပြီး မာ့က်ကူးပါးမှာမူ ထောင်ဒဏ် တစ်နှစ် ရင်ဆိုင်ခဲ့ကြရသည်။

သို့ရာတွင် ထိုသို့ စွဲချက်များဖြင့် ကွဲလွဲစွာပင် ၂၀၀၈ခုနှစ် ဧပြီလ၂၅ရက်တွင် အဆိုပါရဲအရာရှိသုံးဦးအား တရားရုံးက တာဝန်ဝတ္တရား ထမ်းဆောင်ရင်း ပစ်ခတ်ခြင်း၊ တမင် မရည်ရွယ်ဘဲ ထင်ယောင်ထင်မှား သံသယဖြင့် မတော်တဆ ပစ်ခတ်မှုတို့ဖြင့် တရားသေ အပြီးအပြတ် လွှတ်ပေးခဲ့ရာ နီကိုးလ်ပေါလ်ထရီဘဲလ်နှင့် ဆီအန်ဘဲလ်၏ မိသားစုများ ၎င်းတို့ဘက်မှ ထောက်ခံသူများက ယင်းဆုံးဖြတ်ချက်အပေါ် မကျေနပ်သဖြင့် သက်ဆိုင်ရာတို့က အတော်ပင်ထိန်းသိမ်းခဲ့ကြရသည်။

နီကိုးလ်ပေါလ်ထရီဘဲလ်သည် ချစ်သူ ဆီအန်ဘဲလ်နှင့် တူနှစ်ကိုယ် ချစ်ပွဲဝင်ရန် လက်တစ်ကမ်းအလို၌ကံကြမ္မာအခြေအနေ မပေးသဖြင့် ရွှေလက်တွဲရန် အကြောင်း မဖန်လေပြီဖြစ်သော ဖြစ်ရပ်ကိုသင်ခန်းစာ ယူဖွယ်ရာဖြစ်ရပ်အဖြစ် ရေးသားဖော်ပြလိုက်ရပါကြောင်း။ ။



ချစ်သူ ဆီအန်ဘဲလ်နှင့် နီကိုးလ်ပေါလ်ထရီဘဲလ်တို့သည် ၂၀၀၆ခုနှစ် နိုဝင်ဘာ ၂၆ ရက်တွင် လက်ထပ်ထိမ်းမြားကြရန် အားလုံး စီစဉ်ထားပြီးဖြစ်ရာ သူတို့နှစ်ဦး အလွန်ပျော်ရွှင်ခဲ့ကြ။

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

ကျူးဘားသမ္မတ ရောလ်ကာတ်စထရို တရားရေးဝန်ထမ်းနှင့် အငြိမ်းစားလစာ တိုးမြှင့်ပေး

ဟာဗားနား ဧပြီ ၂၉

ကျူးဘားနိုင်ငံ တရားရေးဝန်ထမ်းများ၏လစာနှင့်အစိုးရ အငြိမ်းစားဝန်ထမ်းများ၏လစာကို လာမည့်လမှ စ၍ တိုးမြှင့်ပေးမည်ဖြစ်ကြောင်းကျူးဘားသမ္မတ ရောလ်ကာတ်စထရိုက ထုတ်ဖော်ကြေညာသည်။

ဝန်ထမ်းအားလုံးကို လစာတိုးပေးရန် အခြေအနေ မပေးသေးသော်လည်း တရားရေးဝန်ထမ်း တရားသူကြီး ၉၀၀၀ ကျော်တို့ကို လစာတိုးပေးမည့်အပြင် အငြိမ်းစားများ၏ လစာကို ၂၀ရာခိုင်နှုန်း အထိ တိုးပေးမည် ဖြစ်သည်။

သမ္မတရောလ်ကက်စထရိုသည် အစ်ကိုဖြစ်သူ ဖီဒယ်ကတ်စထရိုထံမှဖေဖော်ဝါရီလတွင် သမ္မတရာထူး လွှဲပြောင်းရယူပြီးနောက် သမ္မတရောလ်ကတ်စထရိုက စီးပွားရေးစည်းမျဉ်း စည်းကမ်းများကို လျှော့ချကာ ပြည်သူများအား ခံစားခွင့်များ ပိုပေးခဲ့သည်။

အငြိမ်းစား ဝန်ထမ်းများသည်အလုပ်တွင်သူတို့ဘဝကို မြှုပ်နှံထားခဲ့ကြပြီး ယခုတိုင် ဆိုရှယ်လစ်စနစ်ကို ကာကွယ်ထိန်းသိမ်းပေးသူ များသဖြင့် အငြိမ်းစားလစာ အပိုချီးမြှင့်ရခြင်း ဖြစ်ကြောင်း သမ္မတရောလ်ကတ်စထရိုက ပြောကြားသည်။ **(အင်တာနက်)**

ဘဝအမောပြေ

ယောက်ျားဆိုတာ…

လက်ထပ်ခဲ့သည့် ၂၅နှစ်မြောက်နေ့ မတိုင်မီ တစ်ရက်အလိုတွင် ဇနီးမောင်နှံနှစ်ဦး အိမ်၌ နေလယ်စာ စားရင်း စကားပြောလျက်ရှိသည်။

ခင်ပွန်း ။ ။ လက်ထပ်ခဲ့တာ ၂၅နှစ်ပြည့်တော့မယ်နော်။

ဇနီး ။ ။ ဟုတ်တယ်လေ။

ခင်ပွန်း ။ ။ ဒီစားပွဲမှာတို့နှစ်ယောက်စားသောက်ခဲ့တာလည်း၂၅နှစ် ရှိပြီပေါ့။

ဇနီး ။ ။ မှန်တာပေါ့။

ခင်ပွန်း ။ ။ မနက်ဖြန်မှာ၂၅နှစ်ပြည့်အထိမ်းအမှတ်အနေနဲ့ ထူးဆန်းတာ လုပ်ရအောင်…

ဇနီး ။ ။ ကောင်းတာပေါ့…

နောက်နေ့ရောက်သော်…ဇနီးသည်က ရှားပါးသော ဟင်းလျာများကို ဖွယ်ဖွယ်ရာရာ စီမံထားပြီး အခန်းတွင်းသို့ ခင်ပွန်းသည်အား ဝင်ခေါ်ရာ မတွေ့ဘဲ စာတစ်စောင်သာ တွေ့ရ၍ ဖတ်ကြည့်ရာ…

“မိန်းကလေးတစ်ဦးနဲ့ အပန်းဖြေခရီး ထွက်သွားပြီ”

ဇနီး ။ ။ “ ဟယ် ”

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

ဂြိုဟ်တု ၁၀ လုံးပါ ဒုံးပျံ အိန္ဒိယလွှတ်တင် နိုင်ငံ၏ အာကာသ သမိုင်းမှတ်တိုင်သစ်စိုက်ထူ



ချန်နိုင်း ဧပြီ ၂၉

အိန္ဒိယနိုင်ငံသည် ဂြိုဟ်တု ၁၀ လုံးပါ ဒုံးပျံ တစ်စင်းကို ဧပြီ ၂၈ ရက်က အိန္ဒိယနိုင်ငံအရှေ့ပိုင်း ကမ်းခြေရှိ ဆရီဟာရီကိုတာ အာကာသစခန်းမှ အောင်မြင်စွာ လွှတ်တင်လိုက်သည်။ **(ဝဲပုံ)**

အဆိုပါ ဒုံးပျံသည် အိန္ဒိယဂြိုဟ်တု ထိန်းချုပ်ရေးဂြိုဟ်တုအကြီး တစ်လုံးနှင့် ဂြိုဟ်တုအသေးကိုးလုံး၊ စုစုပေါင်း ဂြိုဟ်တု ၁၀ လုံး ကမ္ဘာ့ပတ် လမ်းကြောင်းအတွင်း သယ်ဆောင်သွားသည်။

ဂြိုဟ်တုငယ်ကိုးလုံးတွင် ရှစ်လုံးမှာ အခြားနိုင်ငံများမှ ဂြိုဟ်တုများဖြစ်သည်။ ဂြိုဟ်တု ၁၀ လုံးကို တစ်ပြိုင်တည်း အာကာသအတွင်း လွှတ်တင်ပေးနိုင်ခဲ့ခြင်းမှာ အိန္ဒိယနိုင်ငံ၏ ၄၅ နှစ်တာ အာကာသခရီးတွင် သမိုင်းမှတ်တိုင်သစ် စိုက်ထူလိုက်ခြင်းဖြစ်သည်။

ဤသို့ ဂြိုဟ်တုများလွှတ်တင်ပေးနိုင်ခဲ့ခြင်းကြောင့် အိန္ဒိယနိုင်ငံသည် အာကာသအတွင်း ဂြိုဟ်တုလွှတ်တင်ပေးသည့် လုပ်ငန်းမှ ဒေါ်လာ သန်းပေါင်းများစွာ ရရှိနိုင်မည်ဖြစ်သည်။ အိန္ဒိယနိုင်ငံက ဂြိုဟ်တု ၁၀ လုံးပါ ဒုံးပျံကို လွှတ်တင်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ နိုင်ငံပိုင် အိန္ဒိယအာကာသ သုတေသနဌာနဥက္ကဋ္ဌ ဂျီမာဒရာဗန်နာက ပြောကြားသည်။

စိုက်ထူ

ပထမဆုံးဂြိုဟ်တု ၁၀ လုံးပါ ဒုံးပျံကို အိန္ဒိယနိုင်ငံက လွှတ်တင်နိုင်ခဲ့ခြင်းသည် ပထမဆုံးအကြိမ်ဖြစ်၍ အာကာသသမိုင်းမှတ်တိုင်သစ်ကို စိုက်ထူလိုက်ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ပြီးခဲ့သည့်နှစ်က ရုရှားနိုင်ငံသည် ဒုံးပျံတစ်စင်းတည်းဖြင့် ဂြိုဟ်တု ၁၆ လုံးကို တစ်ပြိုင်တည်း အများဆုံး လွှတ်တင်ပေးနိုင်ခဲ့သည်။

အိန္ဒိယနိုင်ငံက လွှတ်တင်ပေးခဲ့သော ဂြိုဟ်တုရှစ်လုံးတွင် ကနေဒါ၊ ဒိန်းမတ်၊ ဂျာမနီနှင့် နယ်သာလန်တို့မှ အာကာသ သုတေသနဌာနများက ပိုင်ဆိုင်သည်ဟု ဆိုသည်။ ယင်းဂြိုဟ်တုများကို ဒုံးပျံက မိနစ် ၂၀ အတွင်း အာကာသ ပတ်လမ်းကြောင်းအတွင်း လွှတ်တင်ပေးနိုင်ခဲ့သည်။

လွှတ်တင်

အိန္ဒိယနိုင်ငံသည် ၁၉၆၃ ခုနှစ်တွင် အာကာသအစီအစဉ်ကို စတင်ခဲ့သည်။ ၎င်း၏ ကိုယ်ပိုင်ဂြိုဟ်တုနှစ်လုံးကို ထုတ်လုပ်ပြီး အာကာသအတွင်း လွှတ်တင်နိုင်ခဲ့သည်။ ပြီးခဲ့သည့်နှစ်က အိန္ဒိယနိုင်ငံက အီတလီဂြိုဟ်တု တစ်လုံးကို ဒေါ်လာ ၁၁ သန်း လွှတ်တင်ခအဖြစ်ယူ၍ လွှတ်တင်ပေးခဲ့သည်။ ဇန်နဝါရီလတွင်လည်း အစ္စရေး ထောက်လှမ်းရေး ဂြိုဟ်တုတစ်လုံးကို အောင်မြင်စွာ လွှတ်တင်ပေးနိုင်ခဲ့သည်။

(အင်တာနက်)

အာကာသသိပ္ပံ

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ ၂၉-၄-၂၀၀၈

မလေးရှားဝန်ကြီးချုပ် ဘာဒါဝီ ကမ္ဘာ့အစ္စလမ္မစ် စီးပွားရေးဖိုရမ်သို့တက်မည်

ကူဝိတ်နိုင်ငံတွင် ကျင်းပမည့် (၄)ကြိမ်မြောက် ကမ္ဘာ့အစ္စလမ္မစ် စီးပွားရေးဖိုရမ်သို့ မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလ်အာမက်ဘာဒါဝီ တက်ရောက်မည်ဖြစ်ကြောင်း မလေးရှားအရာရှိများက ပြောကြားသည်။

ကမ္ဘာ့အစ္စလမ္မစ်စီးပွားရေး ဖိုရမ်ကို ကူဝိတ်နိုင်ငံ၌ ဧပြီ ၂၉ ရက်မှ မေ ၁ရက်အထိ ကျင်းပမည်ဖြစ်သည်။

ရုရှားနှင့်ယူကရိန်း သဘာဝဓာတ်ငွေ့ အကျိုးတူပူးပေါင်းမည်

ရုရှားနှင့်ယူကရိန်း နှစ်နိုင်ငံတို့အနေဖြင့် သဘာဝဓာတ်ငွေ့များ ရှေရှည်အကျိုးတူ ပူးပေါင်းအသုံးပြုသွားရေးကို ဆောင်ရွက်သွားရန် သဘောတူလိုက်ကြသည်။

ပြီးခဲ့သည့် မတ်လက ယူကရိန်းနိုင်ငံသို့ တင်ပို့ပေးနေသော ဓာတ်ငွေ့များကို ရုရှားတို့က ဖြတ်တောက်လိုက်ခဲ့ပြီးနောက် နှစ်နိုင်ငံအရာရှိများ ဆွေးနွေးကာ ယခုကဲ့သို့ ဓာတ်ငွေ့ရေရှည် ဖြည့်ဆည်းသုံးစွဲရေး သဘောတူညီခဲ့ကြခြင်း ဖြစ်သည်။

ဂျပန်အရှေ့မြောက်ပိုင်း၌ ကြက်ငှက်တုပ်ကွေးဖြစ်ပွား

ဂျပန်နိုင်ငံအရှေ့မြောက်ပိုင်း၌ ကြက်ငှက်တုပ်ကွေးရောဂါကြောင့် ဘဲများ သေဆုံးခဲ့ရသည်ကို စစ်ဆေးတွေ့ရှိရကြောင်း ဂျပန်ကျန်းမာရေးအရာရှိများက ပြောကြားသည်။

ကြက်ငှက်တုပ်ကွေး ဖြစ်ပွားသည့်နေရာမှာ ဂျပန်နိုင်ငံအရှေ့မြောက်ပိုင်း အကီတာခရိုင်အတွင်းရှိ တိုဝါဒါရေအိုင်ကြီးအနီး၌ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ရွှေဈေးနှုန်းများ ပြန်လည်မြင့်တက်

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်းများ ပြန်လည်မြင့်တက်လာကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

တရုတ်ရွှေဈေးကွက်၌ ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၈၉၁ ဒသမ ၃၅ ဒေါ်လာရှိခဲ့ရာ ယခင်နေ့ကထက် အမေရိကန်ဒေါ်လာ ၈ဒသမ၂၇ ဒေါ်လာမြင့်တက်ခဲ့သည်။

ထိုင်းနှင့်အိန္ဒိယ ဆန်အထွက်တိုးရေး နည်းပညာပူးပေါင်း

နှစ်နိုင်ငံဆန်အထွက် တိုးမြှင့်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန် ထိုင်းနှင့် အိန္ဒိယနိုင်ငံတို့ သဘောတူညီလိုက်ကြကြောင်း ထိုင်းအရာရှိများက ပြောကြားသည်။

ဆန်ထွက်ကောင်းမွန်ရေး၊ ဆန်အရည်အသွေးမြင့်မားရေးတို့ကို နှစ်နိုင်ငံနည်းပညာများ အပြန်အလှန်ပူးပေါင်းဖလှယ်သွားကြရန် ထိုင်းနှင့်အိန္ဒိယနိုင်ငံတို့မှ စိုက်ပျိုးရေးဝန်ကြီးများက သဘောတူညီခဲ့ကြသည်။

တရုတ်ကုန်စည်ပြပွဲ နီပေါ၌ ကျင်းပမည်

နီပေါနိုင်ငံတွင် တရုတ်ကုန်စည်ပြပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း နီပေါကုန်သွယ်ရေးအရာရှိများက ပြောကြားသည်။

အဆိုပါပြပွဲသို့ တရုတ်စီးပွားရေးလုပ်ငန်း ၄၅ ခုမှ ထုတ်ကုန်ပစ္စည်းများ ဖြစ်သည့် မော်တော်ကားများ၊ အိမ်အသုံးအဆောင်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ ကျန်းမာရေးဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ ခင်းကျင်းပြသမည်ဖြစ်သည်။

သီရိလင်္ကာ၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်း

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ အရှေ့တောင်ပိုင်း ကီလိုမီတာ ၅၀ခန့် အကွာ အင်ဂီရီယာမြို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမှုများဖြစ်ပွားခဲ့ကြောင်း သီရိလင်္ကာအရာရှိများက ပြောကြားသည်။

မိုးသည်းထန်စွာရွာသွန်းမှုနှင့် လေပြင်းများတိုက်ခတ်မှုကြောင့် ဒေသခံရှစ်ဦးသေဆုံးပြီး နေအိမ်များ ပြိုလဲခဲ့ကြောင်း ၎င်းတို့က ပြောကြားသည်။

အမေရိကန်ဒေါ်လာတန်ဖိုး တန့်နေ

ကမ္ဘာ့ငွေကြေးဈေးကွက်၌ အမေရိကန်ဒေါ်လာတန်ဖိုး အတက်အကျ မရှိဘဲ တန့်နေကြောင်း ဂျပန်ငွေကြေး လုပ်ငန်းရှင်များက ပြောကြားသည်။

ဂျပန်ငွေကြေးဈေးကွက်၌ အမေရိကန်တစ်ဒေါ်လာလျှင် ဂျပန်ယန်းငွေ ၁၀၄ဒသမ၅၆ယန်းရှိနေပြီး ယူရိုငွေနှင့် ဖလှယ်ရာတွင် တစ်ယူရိုလျှင် အမေရိကန်ဒေါ်လာ ၁ဒသမ၅၆၁၇ဒေါ်လာရှိရာ ယခင်နေ့ နှုန်းထားအတိုင်းပင်ဖြစ်သည်ဟု ၎င်းတို့က ပြောကြားသည်။

ဘဝဒဿနအမြင်

* ***There is no greater grief than to remember days of joys when misery is at hand.***

ဆင်းရဲဒုက္ခတွေ့ကြုံနေရသည့်အခါ ယခင်ကပျော်ရွှင်ချမ်းမြေ့ဖွယ်ရာ အချိန်များကို ပြန်လည်သတိရအောက်မေ့ခြင်းလောက် ကြီးမားသည့် ပူဆွေးခံစားရမှုသည်မရှိ။

ဒန်တီ(အီတလီလူမျိုး ကဗျာဆရာ)

* ***Calamity is the perfect glass where in we truly see and know ourselves.***

ကံဆိုးမိုးမှောင်ကျမှုသည် ကျွန်ုပ်တို့ကိုကျွန်ုပ်တို့ မှန်ကန်စွာပြန်မြင်နိုင်သည့်အပြင် ကျွန်ုပ်တို့ ဘာဆိုသည်ကို သိမြင်တွေ့ရှိနိုင်သည့် မှန်ကြီးတစ်ချပ်ဖြစ်သည်။

ဝီလျံဒေ့ဗ်နန့်(အင်္ဂလိပ်လူမျိုး ကဗျာနှင့် ပြဇာတ်ရေးဆရာ)

ရေပူစမ်းများ ပေါများလှသည့် နယူးဇီလန်

သတင်းအက်ဆေး

နယူးဇီလန်နိုင်ငံသည် ပစိဖိတ်အနောက်တောင်ဒေသတွင် တည်ရှိသည်။ ဤနိုင်ငံသည် ပစိဖိတ်ဒေသတွင်ချမ်းသာသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ နိုင်ငံအတွင်း၌ ဥရောပတိုက်သားများ၏ အနွယ်များမှီတင်းနေထိုင်ကြသကဲ့သို့ လူနည်းစုမော်ရီလူမျိုးစုလည်း အတူယှဉ်တွဲနေထိုင်သည်။ မော်ရီလူမျိုးစုမှာ လွန်ခဲ့သည့်နှစ်ပေါင်းထောင်ချီချိန်မှစ၍ ရောက်ရှိလာကြသော ပိုလီနီးရှန်း အဆက်အနွယ်များဖြစ်သည်။

အရေးပါ

လယ်ယာစိုက်ပျိုးရေးကဏ္ဍက ဤနိုင်ငံ၏ စီးပွားရေးကိုအဓိကပံ့ပိုးပေးနေသည်။ သို့သော် ကုန်ပစ္စည်းများ ထုတ်လုပ်မှုနှင့် ခရီးသွားလုပ်ငန်းတို့မှာလည်း အရေးပါသည့် ကဏ္ဍများဖြစ်သည်။

ရောက်ရှိ

သက္ကရာဇ် ၁၀၀၀ပြည့်နှစ်ခန့်က ဤနိုင်ငံသို့မော်ရီလူမျိုးများ ရောက်လာသည်။ ၁၆၄၂ ခုနှစ်၌ ဒတ်ချ်နှင့် ၁၇၆၉ခုနှစ်တွင် ဗြိတိသျှတို့ စတင်ရောက်ရှိသည်။ ၁၈၁၅ခုနှစ်တွင် ပထမဆုံးဗြိတိသျှသာသနာပြုအဖွဲ့ ရောက်လာသည်။

တွေ့ရ

၁၈၄၅-၇၂ခုနှစ်များတွင် ဗြိတိသျှအုပ်စိုးမှုကို မော်ရီလူမျိုးတို့က ခုခံတွန်းလှန်သည့် စစ်များဖြစ်ပွားသည်။ ၁၈၉၃ခုနှစ်တွင် နယူးဇီလန်သည် အမျိုးသမီးများမဲပေးခွင့်ရသည့် ပထမဆုံးနိုင်ငံ ဖြစ်သည်။ ၁၈၉၈ ခုနှစ်တွင် သက်ကြီးရွယ်အိုများ အငြိမ်းစားလစာပေးရေးကိုအစိုးရကစတင်ဆောင်ရွက်ပေးသည်။ ၁၉၀၇ခုနှစ်တွင် ဗြိတိသျှအင်ပါယာအတွင်းမှ ဒိုမီနီကန်အုပ်ချုပ်ရေးရရှိသည်။ ၁၉၁၄ခုနှစ် ပထမကမ္ဘာစစ်ကြီး ဖြစ်သောအခါ တပ်ဖွဲ့ဝင်များစေလွှတ်သဖြင့် တူရကီ၌အကျအဆုံးများခဲ့သည်။ ၁၉၃၉-၄၅ခုနှစ်တွင် ဒုတိယကမ္ဘာစစ်အတွင်း ဥရောပ၊ မြောက်အာဖရိကနှင့်ပစိဖိတ်စစ်မျက်နှာတို့တွင် နယူးဇီလန်တပ်ဖွဲ့ဝင်များကိုတွေ့ရသည်။

စေလွှတ်

၁၉၄၇ခုနှစ်တွင် လုံးဝလွတ်လပ်ရေးရသည်။ ၁၉၅၀ပြည့်နှစ်တွင် ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်သို့တပ်ဖွဲ့ဝင်များစေလွှတ်ပြီး ၁၉၅၀-၅၃ခုနှစ်အတွင်း ဖြစ်ပွားခဲ့သော ကိုရီးယားစစ်ပွဲတွင် ပါဝင်သည်။ ၁၉၅၁ခုနှစ်တွင် ဩစတြေးလျ၊ အမေရိကန်တို့နှင့်အတူ နယူးဇီလန်က အင်းဇပ်အဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ၁၉၆၀ပြည့်လွန်နှစ်များတွင် ဗီယက်နမ်စစ်ပွဲအတွင်း အမေရိကန်တပ်များကိုကူရန် တပ်ဖွဲ့ဝင်အချို့စေလွှတ်သည်။

ပြုပြင်

၁၉၈၄ ခုနှစ်တွင် လေဘာအစိုးရဝန်ကြီးချုပ် ဒေးဗစ်လန်ဂီက စီးပွားရေးပြုပြင်ပြောင်းလဲသည်။ ၁၉၉၇ခုနှစ်တွင် ဂျင်နီရှစ်ပလီ ပထမဆုံးအမျိုးသမီးဝန်ကြီးချုပ်ဖြစ်လာသည်။ ၁၉၉၉ခုနှစ်တွင် အရှေ့တီမော ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်သို့ တပ်ဖွဲ့ဝင်များ စေလွှတ်သည်။ ထိုနှစ်ရွေးကောက်ပွဲအပြီးတွင် မီးစ်ဟယ်လင်ကလပ်ဝန်ကြီးချုပ်ဖြစ်လာသည်။ ၂၀၀၂ခုနှစ်ဇူလိုင်တွင် ဒုတိယအကြိမ်နှင့် ၂၀၀၅ခုနှစ် စက်တင်ဘာ၌ တတိယအကြိမ်ဝန်ကြီးချုပ်အဖြစ် ပြန်လည်ရွေးချယ်ခံရသည်။

နယူးဇီလန်နိုင်ငံသည် ပြည်ပပို့ကုန်ဈေးကွက် တိုးချဲ့လျက်ရှိသည်။ ဩစတြေးလျ၊ အမေရိကန်၊ တရုတ်၊ ဂျပန်တို့နှင့် ကုန်သွယ်မှုအခိုင်အမာ တည်ဆောက်လျက် တရုတ်နိုင်ငံ၊ အမေရိကန်နိုင်ငံတို့နှင့် လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူညီမှုရရန် ကြိုးပမ်းလျက်ရှိသည်။ ခရီးသွားလုပ်ငန်းက နိုင်ငံတော်ဝင်ငွေရှာဖွေမှုတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍကို ကျော်တက်သွားပြီဖြစ်သည်။

ရေအားလျှပ်စစ်နှင့်တကွ အခြားသော အစားထိုးလောင်စာသုံး လျှပ်စစ်ထုတ်လုပ်မှုတို့က နိုင်ငံ၏ စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်အောင် တွန်းအားပေးလျက်ရှိသည်။

ဤနိုင်ငံ၏ ပထဝီအနေအထားနှင့် ရှုမျှော်ခင်းများက ခရီးသွားလုပ်ငန်းအတွက် များစွာ အထောက်အကူပြုသည်။

ဆွဲဆောင်

ရေခဲမြစ်များဖုံးလွှမ်းနေသည့်တောင်များ၊ ရေအိုင်များ၊ ပင်လယ်ကမ်းခြေများ၊ ရေပူစမ်းများက ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်နေသည်။ ဤနိုင်ငံ၏ ကျွန်းများမှာ ပစိဖိတ်ဒေသတွင် တစ်သီးတစ်သန့်ဖြစ်နေသည့်အတွက်ကြောင့် အပင်မျိုးစိတ်နှင့် တိရစ္ဆာန်မျိုးစိတ်များပြားစုံလင်ခြင်းမှာ ဤနိုင်ငံ၏ ထူးခြားမှုတစ်ရပ်ပင်ဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

တိုး-ရေးသားသည်

ဤနိုင်ငံသည် ပစိဖိတ်ဒေသမှ ချမ်းသာသည့်နိုင်ငံတစ်နိုင်ငံဖြစ်၊ နိုင်ငံအတွင်းတွင် ဥရောပတိုက်သားများ၏ အနွယ်များ မှီတင်းနေထိုင်ကြသကဲ့သို့ လူနည်းစု မော်ရီလူမျိုးစုလည်း အတူယှဉ်တွဲနေထိုင်။

စကားစစ်ထိုးရန် ဟီလာရီ၏စိန်ခေါ်မှု အိုဘားမား ပယ်ချ ဟီလာရီက မက်ကိန်းထက် ထောက်ခံမှု ပိုမိုရရှိ

အင်ဒီယားနားပိုလစ် ဧပြီ ၂၉

မေ ၆ရက်၌ ပြုလုပ်မည့် မြောက်ကယ်ရိုလိုင်းနားပြည်နယ်နှင့် အင်ဒီယားနားပြည်နယ် အကြိုရွေးကောက်ပွဲများမပြီးမချင်း ပြိုင်ဘက်ဟီလာရီကလင်တန်(အောက်ပုံ)နှင့် စကားစစ်ထိုးပွဲ ပြုလုပ်မည်မဟုတ်ကြောင်း အိုဘားမားက ဧပြီ ၂၈ရက်တွင် ပြောကြားလိုက်သည်။

အင်ဒီယားနားပြည်နယ်တွင် အီလီနွိုက်အထက်လွှတ်တော်အမတ် ပြိုင်ဘက် အိုဘားမားနှင့် မိနစ် ၉၀ကြာ စကားစစ်ထိုးပွဲပြုလုပ်ရန် နယူးယောက်အထက်လွှတ်တော်အမတ် ဟီလာရီကလင်တန်က စိန်ခေါ်ထားသည်။

ယခုအခါ မဲဆွယ်စည်းရုံးရန် ရက်ပေါင်းကိုးရက်သာ ကျန်တော့ကြောင်း၊ မိမိအနေဖြင့် ဟီလာရီနှင့် စကားစစ်ထိုးရန်ထက် မဲဆန္ဒရှင်များနှင့် တွေ့နိုင်သမျှ များများတွေ့လိုကြောင်း၊ မဲဆန္ဒရှင်များ နေထိုင်သည့် နေရာသို့ အရောက်သွားပြီး သူတို့မေးသမျှကို ဖြေလိုကြောင်း အိုဘားမားက ပြောကြားသည်။

စကားစစ်ထိုး

ဤပြည်နယ် အကြိုရွေးကောက်ပွဲများ ပြီးဆုံးသည့်အခါမှသာ ဟီလာရီကလင်တန်နှင့် စကားစစ်ထိုးရန် ဆန္ဒရှိကြောင်း အိုဘားမားက ပြောကြားသည်။

နိုဝင်ဘာလ အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် ဟီလာရီနှင့် ဂျွန်မက်ကိန်းတို့နှစ်ဦး ယှဉ်ပြိုင်ရလျှင် ဟီလာရီက ၅၀ရာခိုင်နှုန်း၊ မက်ကိန်းက ၄၁ရာခိုင်နှုန်း ထောက်ခံမဲရကြမည်ဖြစ်ပြီး အိုဘားမားနှင့် ဂျွန်မက်ကိန်း တို့နှစ်ဦး ယှဉ်ပြိုင်ရလျှင် အိုဘားမားက ၄၆ရာခိုင်နှုန်းနှင့် မက်ကိန်းက ၄၄ရာခိုင်နှုန်းရမည်ဟု ကြိုတင် ပြည်သူ့ဆန္ဒ သဘောထားကောက်ယူချက် စစ်တမ်းအရ သိရသည်။

စစ်တမ်းထွက်ပေါ်

ရွေးကောက်ပွဲ ရန်ပုံငွေရှာကြံပြီး ညီလာခံအထူးကိုယ်စားလှယ်များပါ သူတို့ကိုထောက်ခံရန် ဟီလာရီက မေတ္တာရပ်ခံစဉ် ထိုသို့ ပြည်သူ့သဘောထား စစ်တမ်းထွက်ပေါ်လာခြင်းဖြစ်သည်။ **အမ်အင်န်အေ၊ရိုက်တာ**

အစ္စရေးတပ်များ ဂါဇာမြောက်ပိုင်း၌ စီးနင်းတိုက်ခိုက် ကလေးငယ်လေးဦး တိုက်ပွဲအတွင်း သေဆုံးခဲ့ရ

ဂါဇာ ဧပြီ ၂၉

ဂါဇာကမ်းမြောင်ဒေသ မြောက်ပိုင်းကို အစ္စရေးတပ်များက ဧပြီ ၂၈ရက်တွင် ဝင်ရောက်စီးနင်း တိုက်ခိုက်ခဲ့ရာ ကလေးလေးဦး အပါအဝင် အနည်းဆုံး ပါလက်စတိုင်းခုနစ်ဦး သေဆုံးသွားကြောင်း ဆေးရုံသတင်းရပ်ကွက်များက ပြောကြားသည်။

သေဆုံး

အစ္စရေးတို့ ပစ်ခတ်လိုက်သော ဒုံးကျည်တစ်စင်းမှာ ဘိတ်ဟာနွန်ရှိ လူနေအိမ်ပေါ်သို့ကျရောက်ခဲ့သဖြင့် မိသားစုဝင်များ သေဆုံးခဲ့ရသည်။

သီးခြားဖြစ်ပွားသော တိုက်ပွဲများအတွင်း စစ်သွေးကြွ တစ်ဦးနှင့် လယ်သမားတစ်ဦး သေဆုံးခဲ့သည်။

သေဆုံးသွားသော ကလေးများမှာ တစ်နှစ်မှ ခြောက်နှစ်အတွင်းရှိသူများဖြစ်သည်။

ပစ်မှတ်ထား

အစ္စရေးတို့ကလေကြောင်းမှ တိုက်ခိုက်မှုသည် သေနတ်သမားများကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

အစ္စရေး တပ်များသည် ကင်းလှည့် တပ်ဖွဲ့ဝင်များကို တိုက်ခိုက်နေသည့် သေနတ်သမားများအား ပစ်မှတ်ထား တိုက်ခိုက်ခဲ့သည်ဟု ဆိုသည်။

ပါလက်စတိုင်း တိုက်ခိုက်ရေးသမားများသည် အစ္စရေးဘက်သို့မကြာခဏ ဒုံးကျည်များသုံး၍ တိုက်ခိုက်လျက်ရှိသည်။

ဒဏ်ရာရရှိ

အစ္စရေးမြေပြင်တပ်များနှင့် ပါလက်စတိုင်းတို့ ဧပြီ ၂၇ ရက်က ဘိတ်လာဟီယာမြို့ အနီးတိုက်ပွဲများ ဖြစ်ပွားခဲ့ရာ ပါလက်စတိုင်း မိန်းကလေးတစ်ဦး သေဆုံးပြီး ရှစ်ဦး ဒဏ်ရာရရှိခဲ့သည်။

(အင်တာနက်)

ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့ရှိ ရတနာအရောင်းပြခန်း၌ ပုလဲအလုံးရေ ၁၈၈၈ လုံးဖြင့် ပြုလုပ်ထားသည့် အမေရိကန်ဒေါ်လာ ၁၂၀၀၀၀ တန် လည်ဆွဲရတနာအား ပြသထားသည်ကို ဧပြီ ၂၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဖိလစ်ပိုင်တောင်ပိုင်း၌ တိုက်ပွဲဖြစ်ပွား တပ်ဖွဲ့ဝင်လေးဦးသေဆုံး၊ သုံးဦးဒဏ်ရာရရှိ

မနီလာ ဧပြီ ၂၉

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း၌ လွန်ခဲ့သောသုံးရက်က အစိုးရတပ်များနှင့် လက်ဝဲသူပုန်များ တိုက်ပွဲဖြစ်ပွားခဲ့ရာ အစိုးရတပ်ဖွဲ့ဝင်လေးဦး သေဆုံးပြီး သုံးဦးဒဏ်ရာရရှိသွားကြောင်း ဖိလစ်ပိုင်သတင်းအေဂျင်စီက ရေးသားဖော်ပြသည်။

တိုက်ခိုက်

လွန်ခဲ့သော သီတင်းပတ်က အစိုးရတပ်ဖွဲ့ဝင်နှစ်ဦးအား သူပုန်များက ဖမ်းဆီးသွားပြီးနောက် အစိုးရတပ်ဖွဲ့ဝင်များက သူပုန်များကို ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သည်။

အစိုးရတပ်များသည် ရဟတ်ယာဉ်များနှင့်သံချပ်ကာယာဉ်များခြံရံလျက် ရွေ့ထွက်သည့် ကွန်ပိုစတေလာတောင်ကြားနှင့် အဂုဆန်ဒယ်ဆာပြည်နယ်ကို စစ်ဆင်ရေးတစ်ရပ် ဆင်နွှဲခဲ့သည်။

ဖော်ပြ

ဖိလစ်ပိုင်လေတပ်၏ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် သူပုန်များလည်း အကျအဆုံး များပြားကြောင်း မင်ဒါနာအိုစစ်ဌာနချုပ်က ထုတ်ပြန်သော ကြေညာချက်၌ ဖော်ပြသည်။

အင်န်ပီအေသူပုန် ၂၀ခန့်က ဖိလစ်ပိုင်တပ်ဖွဲ့ဝင်နှစ်ဦးအား အဝေးပြေးလမ်းမကြီးတစ်နေရာတွင် ပြန်ပေးဆွဲသွားခဲ့ပြီးနောက် ဖိလစ်ပိုင်တပ်များက ဧပြီ ၂၅ရက်မှစတင်ကာ ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာဖဂန်နစ္စတန်တောင်ပိုင်း၌ အကြမ်းဖက်မှုဖြစ်ပွား

ကဘူးလ် ဧပြီ ၂၉

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း၌ ဧပြီ ၂၇ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များ ကင်းလှည့်နေစဉ်အတွင်း အကြမ်းဖက်သမားများ ဝင်ရောက်တိုက်ခိုက်မှုဖြစ်ပွားရာ နေတိုးဦးဆောင်သည့်နိုင်ငံစုံ လုံခြုံရေးတပ်ဖွဲ့(အိုင်အက်စ်အေအက်ဖ်)မှ တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး လေးဦး ဒဏ်ရာရရှိကြောင်း အိုင်အက်စ်အေအက်ဖ်မှ သတင်းထုတ်ပြန်သည်။

ဖော်ပြ

ဒဏ်ရာရရှိသည့် တပ်ဖွဲ့ဝင်များအား သက်ဆိုင်ရာဆေးရုံသို့ ခေါ်ဆောင်ကာ ပြုစုကုသပေးလျက်ရှိကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ တည်ငြိမ်အေးချမ်းရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းအတွက် နေတိုးဦးဆောင်သည့် နိုင်ငံပေါင်း ၄၀မှ တပ်ဖွဲ့ဝင်ပေါင်း ၄၇၀၀၀ခန့် တပ်ဖြန့်ချထားလျက်ရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

လော့စ်အိန်ဂျလိစ်၌ တောမီးအကြီးအကျယ်လောင်ကျွမ်း လူ ၁၀၀၀ခန့် ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရ

လော့စ်အိန်ဂျလိစ် ဧပြီ ၂၉

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ အရှေ့မြောက်ဘက်၌ တောမီး အကြီးအကျယ် လောင်ကျွမ်းမှုဖြစ်ပွားရာ အနီးရှိ တောင်ပေါ်ဒေသများတွင် နေထိုင်သော ပြည်သူ ၁၀၀၀ခန့် မီးဝိုင်းခံနေရသဖြင့် ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

လော့စ်အိန်ဂျလိစ်မြို့ တောင်ပိုင်း၌ စံချိန်တင်လောက်အောင် ပူပြင်းလျက်ရှိနေချိန်တွင် ဧပြီ ၂၆ရက်မှ စတင်ပြီး ထိုတောမီးလောင်ကျွမ်းခဲ့ရာ မီးလောင်ပြင်အကျယ်အဝန်း ဧက၄၀၀အထိရှိသွားပြီဖြစ်ကြောင်း ကယ်လီဖိုးနီးယားပြည်နယ် ဆီယာရာမက်ဒိုင်းမြို့မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားသည်။

ကယ်တင်လိုက်ရ

ထိုသို့ တောမီးအကြီးအကျယ်လောင်ကျွမ်းနေစဉ်အတွင်း တောင်တစ်တောင်အပေါ်တွင် မဂ်လာအခမ်းအနား တက်ရောက်နေသော လူငါးဦးကို ရဟတ်ယာဉ်ဖြင့် ကယ်တင်လိုက်ရသည်ဟုဆိုသည်။

ကြီးထွားစေခဲ့

ဧပြီ ၂၇ရက်က ယင်းဒေသ၌ အပူချိန် ၉၇ ဒီဂရီဖာရင်ဟိုက် အထိ မြင့်တက်နေကြောင်း၊ အလွန်ပူပြင်းခြောက်သွေ့မှုများက မီးလောင်မှုကိုကြီးထွားစေခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ပြောင်းရွှေ့ပေးရ

မီးငြိမ်းသတ်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်များက ဆက်လက်ကြိုးစားနေကြောင်း၊ ဘေးကင်းရာသို့ရွှေ့ပြောင်းပေးရသော အိမ်ခြေ ၄၀၀မှ ၅၀၀အထိရှိကြောင်း မီးသတ်တပ်ဖွဲ့ဝင်များက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

အီရန်သဘာဝဓာတ်ငွေ့ အိန္ဒိယသို့ တင်ပို့ရောင်းချရေး ပိုက်လိုင်းဖြတ်သန်းခွင့်ပြုရေး ပါကစ္စတန်က သဘောတူညီ

နယူးဒေလီ ဧပြီ ၂၉

အိန္ဒိယနိုင်ငံသို့ အီရန်နိုင်ငံက သဘာဝဓာတ်ငွေ့များ ပိုက်လိုင်းသွယ်တန်းတင်ပို့ ရောင်းချသွားရန် ကြားနေနိုင်ငံဖြစ်သည့် ပါကစ္စတန်နိုင်ငံအတွင်း ပိုက်လိုင်းဖြတ်သန်းခွင့်ပြုရန် ဆွေးနွေးသဘောတူညီလိုက်ပြီဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံက ပြောကြားသည်။

အခွင့်အလမ်း

မိုင်ပေါင်း ၁၆၂၀ရှည်လျားသည့် ယင်းပိုက်လိုင်းသည် ပါကစ္စတန်နိုင်ငံက ဖြတ်သန်းခအဖြစ် ဒေါ်လာသန်းပေါင်းများစွာ ရရှိမည့် အခွင့်အလမ်းဖြစ်သည်။

ပထမဆုံးအကြိမ်

အီရန်သမ္မတ မာမွတ်အာမတ်ဒီနီဂျက်က တောင်အာရှနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်ပြီးနောက် သတင်းထွက်ပေါ်ခဲ့ခြင်း ဖြစ်သည်။

အီရန်နိုင်ငံသည် ပါကစ္စတန်နိုင်ငံသို့ လျှပ်စစ်မဂ္ဂါဝပ် ၁၁၀၀ နှစ်စဉ်ထောက်ပံ့ပေးရန် သဘောတူညီထားကြောင်း ပါကစ္စတန်သတင်းအေဂျင်စီက ရေးသားသည်။

လက်မှတ်ရေးထိုး

ပါကစ္စတန်နှင့်အီရန်နိုင်ငံခြားရေး ဝန်ကြီးများသည် မကြာမီ ထိုဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းပြီး ဓာတ်ငွေ့များ ပို့လွှတ်ရေးစာချုပ်ကို လက်မှတ်ရေးထိုး ကြလိမ့်မည်ဖြစ်ကြောင်းလည်း ပါကစ္စတန်သတင်းအေဂျင်စီက ဖော်ပြသည်။

အီရန်သမ္မတသည် ပါကစ္စတန်သမ္မတ ပါဗက်ဇ်မူရှာရက်ဖ်နှင့် တွေ့ဆုံကာ ဓာတ်ငွေ့ပိုက်လိုင်းကိစ္စ ဆွေးနွေးကြလိမ့်မည်ဖြစ်ကြောင်းလည်း ရေးသားသည်။

ထွက်ခွာမည်

၎င်းသည်ပါကစ္စတန်မှ သီရိလင်္ကာနှင့် အိန္ဒိယနိုင်ငံများသို့ ဆက်လက် ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

သဘာဝဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်း

အီရန်နိုင်ငံမှ အိန္ဒိယသို့ တင်ပို့ရောင်းချမည့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းမှုကို ဧပြီ ၂၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အမှာစကားပြောကြား

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး ထီးလင်းမြို့နယ် ရေမျက်နီကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲရှေ့ရှိ ယာယီမဏ္ဍပ်၌ ကျေးရွာ ၁၁ရွာတို့မှ ဒေသခံပြည်သူများအား အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းသည် နိုင်ငံတော်လုံခြုံမှုနှင့် နိုင်ငံသားများ အကျိုးစီးပွားကိုကာကွယ်စောင့်ရှောက်မှု အပြည့်အဝပေးမည့် ဥပဒေဖြစ်

နေပြည်တော် ဧပြီ ၂၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဧပြီ၂၃ရက် နံနက်ဂုနာရီတွင် ဂန့်ဂေါခရိုင် ထီးလင်းမြို့ရှိ ရာဇမုနိစေတီတော်မြတ်ကြီးအား သွားရောက်၍ ဖူးမြော်ကြည်ညိုပြီး အလှူငွေများပေးအပ်လှူဒါန်းသည်။ ထို့နောက် ထီးလင်းမြို့နယ် ပုဏ္ဏားရွာ အောင်မင်္ဂလာကျောင်းတိုက်သို့ ရောက်ရှိပြီး ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် နံနက်၈နာရီတွင် ထီးလင်းမြို့နယ် ထိန်တိုင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းရှေ့ရှိ ယာယီမဏ္ဍပ်၌ ကျင်းပသော ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

ယင်းတွေ့ဆုံပွဲသို့ ထိန်တိုင်း၊ ဟင်းခွက်ကုန်း၊ ကင်းပန်း၊ ညောင်ကန်၊ အင်းနား၊ ကဇွန်းထောင့်၊ ဆေးမင်းတော၊ အိုင်းမ၊ အကြည်ဝါးဘင်း၊ ကြာဥယျာဉ်၊ ရေရှင်၊ အုန်းတောစသည့် ကျေးရွာ ၁၂ရွာတို့မှ ဒေသခံပြည်သူ ၃၂၀၀ကျော် တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

တွေ့ဆုံပွဲတွင် တက်ရောက်လာကြသော ကျေးရွာများမှ တာဝန်ရှိသူများက ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်အပေါ် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးပြီး အမှာစကားပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ထိန်တိုင်းကျေးရွာ မူလတန်းကျောင်းဆောင်သစ် ဆောက်လုပ်ရေးအတွက် ငွေကျပ်နှစ်သိန်း၊ အုန်းတောကျေးရွာ ရေအားလျှပ်စစ်တာဘိုင်အတွက် ငွေကျပ်တစ်သိန်း၊ အိုင်းမကျေးရွာ မူလတန်းကျောင်းဆောင်အတွက် ငွေကျပ်တစ်သိန်း၊ အကြည်ဝါးဘင်းကျေးရွာ မူလတန်းလွန်ကျောင်းအတွက် ငွေကျပ်တစ်သိန်း၊ အင်းနားကျေးရွာ မူလတန်းလွန်ကျောင်းအတွက် ငွေကျပ်တစ်သိန်း၊ ဟင်းခွက်ကုန်းကျေးရွာ မူလတန်းကျောင်းအတွက် ငွေကျပ်တစ်သိန်း စုစုပေါင်းငွေကျပ် ခုနစ်သိန်းကိုလည်းကောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် ပံ့ပိုးပစ္စည်းများနှင့် ဒေသခံပြည်သူများအတွက် အိမ်သုံး၊ လူသုံးကုန်ပစ္စည်းများကိုလည်းကောင်း၊ ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များနှင့် စာကြည့်တိုက်အတွက် စာအုပ်စာစောင်များကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မွန်းတည့် ၁၂နာရီတွင် ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် မင်းရွာကျေးရွာ အခြေခံပညာအထက်တန်းကျောင်းရှေ့ရှိ ယာယီမဏ္ဍပ်၌ ပြုလုပ်သော ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

အဆိုပါတွေ့ဆုံပွဲသို့ မင်းရွာ၊ အညာတော၊ ခေါက်ခူ၊ ပန်းထိပ်၊ မြေနီ၊ လေလင်း၊ အိမ်သစ်၊ တောဖို့၊ ပြင်သာ၊ မောလယ်၊ လက်ဝဲကုန်း၊ ဝင်ချီပါ၊ ပေါ်လယ်၊ ချောင်းနက်၊ ကြာပတ်၊ ဖက်ဝန်း၊ စမိတ်၊ တောင်ဝန်း၊ ရွာသာ၊ သနန်း၊ စင်ပုံ၊ စမယ်၊ ယမင်းမာ စသည့်ကျေးရွာ ၂၃ရွာတို့မှ ဒေသခံပြည်သူ ၂၆၀၀ကျော် တက်ရောက်ကြသည်။

ဖြည့်ဆည်းဆောင်ရွက်

တွေ့ဆုံပွဲတွင် တက်ရောက်လာသော ကျေးရွာများမှ တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြချက်များအပေါ် ဗဟိုအတွင်းရေးမှူးက တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မင်းရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ နှစ်ထပ်ကျောင်းဆောင် ဆောက်လုပ်ရန်အတွက် ငွေကျပ်ငါးသိန်းကိုလည်းကောင်း၊ ဒေသဖွံ့ဖြိုးရေးပစ္စည်းများကို လည်းကောင်း၊ ဒေသခံပြည်သူများအတွက် အိမ်သုံးလူသုံးကုန်ပစ္စည်းများကိုလည်းကောင်း၊ ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များကိုလည်းကောင်း၊ စာကြည့်တိုက်အတွက် စာအုပ်စာစောင်များကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

တွေ့ဆုံ

ဆက်လက်၍ ဝန်ကြီးသည် ထီးလင်းမြို့နယ် ရေမျက်နီကျေးရွာသို့ ရောက်ရှိပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့သည် ညနေ ၃ နာရီတွင် ရေမျက်နီကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ ရှေ့ရှိ ယာယီမဏ္ဍပ်၌ ကျင်းပသော ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲသို့ ရေမျက်နီ၊ တောမ၊ အညာတော၊ ရေပုတ်၊ စင်းဇယ်၊ မျက်မြှောင်၊ ကျောချောင်း၊ တောင်အင်း၊ မိုးကောင်း၊ ငှက်ပျင်း၊ ကျောက်စာရေးစသည့် ကျေးရွာ ၁၁ရွာတို့မှ ဒေသခံပြည်သူ ၃၀၀၀တက်ရောက်ကြသည်။

ပေါင်းစပ်ညှိနှိုင်း

တွေ့ဆုံပွဲ၌ တက်ရောက်လာကြသော ဒေသခံပြည်သူများကိုယ်စား တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါတင်ပြချက်များအပေါ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ဗဟိုအတွင်းရေးမှူးတို့က တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးသည်။ ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူးက ပညာရေးဆိုင်ရာလုပ်ငန်းများအတွက် အလှူငွေအဖြစ် တောမကျေးရွာတွဲဖက်အလယ်တန်းကျောင်းဆောင်အတွက် ငွေကျပ်တစ်သိန်း၊ ရေပုတ်ကျေးရွာ မူလတန်းကျောင်းဆောင်အတွက် ငွေကျပ်နှစ်သိန်း၊ မျက်မြှောင်ကျေးရွာ မူလတန်းကျောင်းဆောင်အတွက် ငွေကျပ်တစ်သိန်း၊ တောင်အင်းကျေးရွာ ကျောင်းဆောင်သစ်အတွက် ငွေကျပ်တစ်သိန်း၊ ဦးနောက်ကျေးရွာ အလယ်တန်းကျောင်းဆောင်သစ်အတွက် ငွေကျပ်နှစ်သိန်း စုစုပေါင်းငွေကျပ်ခုနစ်သိန်းကိုလည်းကောင်း၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ပစ္စည်းများကိုလည်းကောင်း၊ ဒေသခံပြည်သူများအတွက် အိမ်သုံး၊ လူသုံးပစ္စည်းများကိုလည်းကောင်း၊ ကျေးရွာကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များကိုလည်းကောင်း၊ စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များကို လည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

တွေ့ဆုံပွဲအခမ်းအနားများ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တစ်ဝန်း အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများကလည်း မိမိတို့အကျိုးနှင့်ယှဉ်လျက် အစိုးရနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်မှုများကို အားရဖွယ် တွေ့မြင်ရပါကြောင်း၊ ဒေသခံပြည်သူများ၏ ကြိုးပမ်း ဖော်ဆောင်မှုများ အပေါ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအနေဖြင့်လည်း အတတ်နိုင်ဆုံး ဖြည့်ဆည်းပေါင်းစပ် ကူညီပေးသွားမည် ဖြစ်ကြောင်း၊ ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာပြီး ဒေသဖွံ့ဖြိုး တိုးတက်လာသည်နှင့်အမျှ ပြည်သူတစ်ရပ်လုံးက လိုလားတောင့်တနေသည့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်ပြီး အေးချမ်းသာယာသော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သို့ အမြန်ဆုံးရောက်ရှိတော့မည် ဖြစ်ပါကြောင်း၊ မကြာမီကာလအတွင်း မိမိတို့တိုင်းပြည်နှင့် နိုင်ငံတော်သူ နိုင်ငံတော်သားများအတွက် လုံခြုံမှု၊ အေးချမ်းတည်ငြိမ်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူတစ်ဦးချင်း၏ အကျိုးကို ကာကွယ်စောင့်ရှောက်မှု အပြည့်အဝပေးမည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုကြရတော့မည်ဖြစ်ကြောင်း၊ ပြည်သူတစ်ရပ်လုံးအနေဖြင့် အမိနိုင်ငံတော်၏ လုံခြုံမှုနှင့် နိုင်ငံသားများအတွက် အာမခံချက်များ အပြည့်အဝပေးနိုင်မည့် ဤအခြေခံ ဥပဒေမူကြမ်းကို တစ်ခဲနက်ထောက်ခံအတည်ပြုကြခြင်းဖြင့် ဤအချိန်၊ ဤအခါသည် ပြည်သူတစ်ရပ်လုံးက လုံးဝလွတ်လပ်ရေးကို လိုလားကြောင်း၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို လိုလားကြောင်း၊ နယ်ချဲ့စွက်ဖက်မှုနှင့် နယ်ချဲ့သြဇာခံအဖြစ်ကို မလိုလားကြောင်း၊ မျိုးချစ်စိတ်ဓာတ် ထက်သန်ပြင်းပြကြောင်း၊ နိုင်ငံတော်တွင် နယ်ချဲ့ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရ ပေါ်ပေါက်မှုကို မလိုလားကြောင်းတို့ကိုပြသရန် အချိန်ကောင်းဖြစ်သည်ဟု ပြောကြားလိုကြောင်း စသည်ဖြင့် မှာကြားသည်။

တွေ့ဆုံပွဲများအပြီးတွင် ဝန်ကြီးသည် တက်ရောက်လာကြသည့် ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရ၏စေတနာမှန်ကိုသိမြင် တောတွင်းလက်နက်ကိုင်အဖွဲ့ဝင်များ လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ဝင်ရောက်

နေပြည်တော် ဧပြီ ၂၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထား၍ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်အဝန်း အကြားအလပ်မရှိ မျှမျှတတဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်းကြောင့် နိုင်ငံတော်အစိုးရ၏ လုပ်ရပ်နှင့် စေတနာအမှန်ကိုသိမြင်လာကြသော တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများသည် ၄င်းတို့၏မှားယွင်းသောလုပ်ရပ်များအပေါ် နားလည်သဘောပေါက်ကာ နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူတို့၏ရင်ခွင်သို့ တစ်ဦးချင်း၊ အစုအဖွဲ့အလိုက် လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ဝင်ရောက်ခဲ့ရာ ၂၀၀၇ခုနှစ် အောက်တိုဘာ၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလများအတွင်း ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ယူ တောတွင်းလက်နက်ကိုင်အဖွဲ့ တပ်မဟာ(၄)၊ ရင်း(၁၀)မှ တပ်သားစောဝေမှူးသည် ဝင်ချက်စတာတစ်လက်၊ ၄င်းကျည်တစ်တောင့်၊ လက်ပစ်ဗုံးတစ်လုံးတို့ဖြင့်လည်းကောင်း၊ ရင်း(၁၀)၊ ခွဲ(၂)မှ ဒုဗိုလ်အဆင့်ရှိ စောခွေးလေးသည် အေကေ-၄၇ မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ၄င်းကျည်အိမ်တစ်ခု၊ ကျည်၃၇တောင့်တို့ဖြင့်လည်းကောင်း၊ တပ်ကြပ်ကြီးအဆင့်ရှိ ကျော်ကျော်သည် ဝင်ချက်စတာတစ်လက်၊ ၄င်းကျည်လေးတောင့်တို့ဖြင့်လည်းကောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေတွင် အေဘီအက်စ်ဒီအက်ဖ်တောတွင်း လက်နက်ကိုင်အဖွဲ့မှ တပ်သားသာချိုသည် အမ်-၁၆ မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ၄င်းကျည်အိမ်သုံးခု၊ ကျည် ၇၆တောင့်တို့ဖြင့်လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် ကေအမ်ပီပီ တောတွင်း လက်နက်ကိုင်အဖွဲ့မှ တပ်သားစောဘွဲ့ထူး(ခ)အထိသည် အေကေ-၄၇ မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ၄င်းကျည်အိမ်တစ်ခု၊ ကျည်အတောင့် ၃၀တို့ဖြင့်လည်းကောင်း၊ အက်စ်အက်စ်အေ(ရှက်ဆစ်) တောတွင်းလက်နက်ကိုင်အဖွဲ့မှ တပ်သားစိုင်းလုံနှင့် စိုင်းယုံတို့သည်လည်းကောင်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်နယ်မြေတွင် အက်စ်အက်စ်အေ(ရှက်ဆစ်) တောတွင်းလက်နက်ကိုင်အဖွဲ့မှ တပ်သားဂန္ဓမာ သည်လည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ယူတောတွင်းလက်နက်ကိုင်အဖွဲ့ တပ်မဟာ(၂)၊ ရင်း(၅)မှ ဒုတိယတပ်ကြပ်အဆင့်ရှိ စောဂေးဂေ၊ တပ်သားစောအိုးအို၊ စောဂျိုးအောင်၊ စောကဘလေးစိုး၊ စောသဘလေးထူး၊ စောဖဲမိုရ်နှင့် စောဒိုထူး(ခ)စောမူထူးတို့သည်လည်းကောင်း၊ ဟိုကီ ဒုက္ခသည်စခန်းမှ တပ်သားစောလယ်မူသည် လည်းကောင်း၊ တပ်မဟာ(၃) ရင်း(၉)မှ အထွေထွေလုပ်သား ဥမ္မာလင်းသည်လည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေတွင် ရခိုင်တပ်မတော်(အေအေ) တောတွင်းလက်နက်ကိုင်အဖွဲ့မှ အဖွဲ့ဝင်ဟောင်းများ ဖြစ်ကြသည့် ဦးထွန်းဝေ၊ ဦးရွှေသိန်း၊ ဦးစိန်လှမောင်၊ ဦးညီညီနိုင်၊ ဦးခိုင်မောင်ဝင်းနှင့် ဦးလှသိန်းတို့သည် မိခိုသူမိသားစုဝင် ၁၁ဦးတို့ဖြင့်လည်းကောင်း အသီးသီး လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့ကြသည်။

အဆိုပါကာလအတွင်း လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့ကြသူ စုစုပေါင်း ၃၄ ဦးတို့အား သက်ဆိုင်ရာတပ်စခန်းအသီးသီးတို့မှ တာဝန်ရှိသူများက လှိုက်လှဲပျူငှာစွာ ကြိုဆိုကြပြီး လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်းနှင့် အလားတူလက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ဝင်ရောက်ရန် ကျန်ရှိနေသေးကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ကရုဏာအသင်းသို့ မော်တော်ယာဉ်လှူဒါန်း

နေပြည်တော် ဧပြီ ၂၉

နေပြည်တော်ပျဉ်းမနား ကရုဏာအသင်းသို့ စိုးလျှပ်စစ်နှင့်စက်ကိရိယာကုမ္ပဏီလီမိတက်မှ မော်တော်ယာဉ်အသစ်တစ်စီး လှူဒါန်းပွဲအခမ်းအနားကို ဧပြီ ၅ရက်က နေပြည်တော်ပျဉ်းမနား ပေါင်းလောင်း (၂)ရပ်ကွက် စိုးလျှပ်စစ်နှင့် စက်ကိရိယာကုမ္ပဏီရုံးအသစ်၌ကျင်းပရာ နေပြည်တော် ပျဉ်းမနားအသင်း(ရန်ကုန်)နာယက ဝန်ထမ်းရွှေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးလှမြင့်ဦး၊ အလှူရှင် စိုးလျှပ်စစ်နှင့် စက်ကိရိယာကုမ္ပဏီလီမိတက်ပိုင်ရှင် ဦးစိုးတင့်နှင့်ဝန်ထမ်းများ၊ နေပြည်တော် ပျဉ်းမနား ကရုဏာအသင်း ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဧည့်ပရိသတ်များ တက်ရောက်ကြသည်။**(ဝဲပုံ)**

တတိယမြောက်လှူဒါန်း

အခမ်းအနားတွင် အလှူရှင် ဦးစိုးတင့်က ကျပ်၁၆၈သိန်းတန်ဖိုးရှိ မော်တော်ယာဉ်အသစ်တစ်စီးကို ကရုဏာအသင်းသို့ စာရွက်၊ စာတမ်းများနှင့်တကွ လွှဲပြောင်း လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးချစ်အောင်က လက်ခံသည်။

ယခုလှူဒါန်းသည့် မော်တော်ယာဉ်သည် တတိယမြောက်အစီးဖြစ်ပြီး စိုးလျှပ်စစ်ကုမ္ပဏီမှပင် ယခင်က မော်တော်ယာဉ်နှစ်စီး လှူဒါန်းခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ပညာရေးဝန်ကြီးဌာန ၂၀၀၈ ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

■ *ကျောဖုံးမှ*

ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ပညာရေးကောလိပ်များမှ ကျောင်းအုပ်ကြီးများ၊ ပြည်နယ်၊ တိုင်း၊ ခရိုင် ပညာရေးမှူးများ ပညာရည်မြင့်မားရေးနှီးနှောဖလှယ်ပွဲသို့ တက်ရောက်ကြသည့် ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးက အမှာစကားပြောကြားရာ၌ ယနေ့နိုင်ငံတကာတွင် သိပ္ပံနှင့်နည်းပညာရပ်များ၏ တစ်ရှိန်ထိုး တိုးတက်ပြောင်းလဲမှုများနှင့်အတူ တစ်ကမ္ဘာလုံးကို ဆက်စပ်ယှက်နွယ်ပြောင်းလဲစေသည့် သတင်းနှင့်နည်းပညာရပ်များ၏ တိုးတက်ဖြစ်ပေါ်မှုများသည် လူ့အဖွဲ့အစည်းနှင့်တကွ လူသားတစ်ဦးချင်းကိုပါ အရှိန်အဟုန်ပြင်းစွာ လွှမ်းမိုးသက်ရောက်စေလျက်ရှိခြင်းကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးသည် စီးပွားရေး၊ ကုန်သွယ်ရေး၊ ဘဏ္ဍာရေး၊ ကုန်ထုတ်လုပ်ရေး၊ ကာကွယ်ရေး၊ လူမှုရေးနယ်ပယ်ကဏ္ဍစုံနှင့် ဆက်စပ်ပြီး ပညာရေးဆိုင်ရာ မြှင့်တင်မှုများကို အလေးထား ဆောင်ရွက်လျက်ရှိနေကြကြောင်း။

စီမံကိန်းများချမှတ်

မိမိတို့နိုင်ငံအနေဖြင့်လည်း နိုင်ငံတကာ သိပ္ပံနှင့်နည်းပညာရပ်များ၏ တိုးတက်ပြောင်းလဲမှုများနှင့်လျော်ညီစွာ မိမိနိုင်ငံ မိမိလူမျိုး၏ တိုးတက်ကြီးပွားမှုကို လက်တွေ့ဖော်ဆောင်ပေးနိုင်စေမည့် ပညာရေးမြှင့်တင်ပြောင်းလဲမှုများကို စနစ်တကျ စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်ကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍအပါအဝင် လယ်ယာ၊ သားငါး၊ သစ်တော၊ စက်မှု၊ ကျန်းမာရေးကဏ္ဍအသီးသီးတွင် အနှစ်(၃၀)နှစ်ရှည်စီမံကိန်းများကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ပညာရေးကဏ္ဍအနေဖြင့်ကြည့်လျှင် ယခုနှစ်သည် အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်း၏ ဒုတိယနှစ်တို (၅)နှစ် စီမံကိန်းကာလတွင် ဒုတိယနှစ်ကုန်ဆုံးပြီး တတိယနှစ်စီမံကိန်းလုပ်ငန်းများ စတင်အကောင်အထည်ဖော်ရမည့်ကာလကို ရောက်ရှိနေပြီဖြစ်ကြောင်း။

အားပေးဆောင်ရွက်

နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံ မိမိလူမျိုး၏ တိုးတက်ကြီးပွားရေးသည် မိမိနိုင်ငံသူ နိုင်ငံသား အသိပညာရှင်၊ အတတ်ပညာရှင်များ၏ ကြိုးပမ်းအားထုတ်နိုင်မှု စွမ်းအား၊ အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်စွမ်းအားတို့အပေါ် အဓိကတည်မှီနေသည်ဟု အခိုင်အမာခံယူထားသည့်အတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရေး၏ အရေးပါသည့် အခန်းကဏ္ဍကို အသိအမှတ်ပြု အားပေးစီမံဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ဤခံယူချက်သဘောထားနှင့်အညီ မိမိနိုင်ငံအတွင်း နိုင်ငံတကာအဆင့်မီ သိပ္ပံနှင့် နည်းပညာရပ်များ တိုးတက်ထွန်းကားရေးနှင့် နိုင်ငံနှင့် လူမျိုး၏ ယဉ်ကျေးမှုဓလေ့ထုံးစံ၊ လူမှုရေးတန်ဖိုးထားမှုများကို လေးစားမြတ်နိုးတတ်သည့် အရည်အသွေးမြင့်မားသော ပညာရှင်များ ပြုစုပျိုးထောင်မွေးထုတ်နိုင်ရေးတို့ကို ဖန်တီးဖော်ဆောင်ပေးနိုင်မည့် အမျိုးသားပညာရေးမြှင့်တင်မှု စီမံကိန်းများကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

မျက်ခြည်မပြတ်

အမျိုးသားပညာရည် မြင့်မားရေးလုပ်ငန်းစဉ်များသည် ရေရှည် အနာဂတ်ကို မျှော်မှန်းချမှတ်ဆောင်ရွက်နေခြင်းဖြစ်သကဲ့သို့ ထုထည်ပမာဏကြီးမားပြီး အလွန်ကျယ်ဝန်းနက်ရှိုင်းသည့် လုပ်ငန်းများလည်းဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံတကာ သိပ္ပံနှင့်နည်းပညာရပ်များ၏ အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲနေမှုကို အမီလိုက်ပါရင်း မိမိနိုင်ငံနှင့် လူမျိုး၏ အမျိုးသားရေး အကျိုးစီးပွားလိုအပ်ချက်ကို မျက်ခြည်မပြတ် ဖြည့်ဆည်းဆောင်ရွက်နေရခြင်းဖြစ်သည့်အတွက် မှန်ကန်ပြည့်စုံသော စီမံကိန်းများကို တိကျခိုင်မာသည့် စီမံချက်များ၊ လက်တွေ့ကျသည့် လုပ်ငန်းစဉ်များနှင့် အကောင်အထည်ဖော်ပေးနိုင်ရန် လိုအပ်ကြောင်း။

နိုင်ငံတော်၏ ပညာရေးဆိုင်ရာ စီမံကိန်းများ၊ လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်မှုများကို ယနေ့ ပြန်ကြည့်မည်ဆိုလျှင် ၁၉၉၈ ခုနှစ်ကစတင်ပြီး ၁၀ နှစ်ကျော်ကြာသည်အထိ ပညာရေးပြုပြင်ပြောင်းလဲမြှင့်တင်မှုလုပ်ငန်းစဉ်အရပ်ရပ်၊ စီမံကိန်းအမျိုးမျိုးကို တစ်ခုနှင့်တစ်ခု ဆက်တိုက်ချိတ်ဆက်အရှိန်အဟုန်မြှင့်တင်ရင်း မနေမနားဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရမှာဖြစ်ကြောင်း။

ဖြန့်ကြက်ဆောင်ရွက်

အခြေခံပညာကဏ္ဍ၊ အဆင့်မြင့်ပညာကဏ္ဍ၊ ကျောင်းတွင်း ပညာရေးကဏ္ဍ၊ ကျောင်းပြင် ပညာရေးကဏ္ဍတို့အပြင် တက္ကသိုလ်၊ ကောလိပ်များ၌ ပုံမှန်သင်တန်းများနှင့် ယှဉ်တွဲဖွင့်လှစ်ထားသည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနများ၏ Parallel Education စနစ်များအပါအဝင် နယ်ပယ်စုံ၊ ကဏ္ဍစုံတွင် အရည်အသွေးမြင့်မြင့်မားမားဖြင့် တစ်ရှိန်ထိုးတိုးတက်လာစေရအောင် ပညာရေးမိသားစုဝင်များအားလုံးက ပါဝင်ပြီး ထုထည်ပမာဏ ကြီးမားကျယ်ပြန့်နက်ရှိုင်းစွာ ဖြန့်ကြက်ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်ကြောင်း။

အလားတူပင် ခေတ်မီသင်ကြားမှု၊သင်ယူမှုအထောက်အကူပြုပစ္စည်းများ၊ ခေတ်မီအလုပ်ရုံများ၊ ဓာတ်ခွဲခန်းများ၊ နိုင်ငံတကာအဆင့်မီ ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ အီလက်ထရွန်နစ်ကွန်ရက်စနစ်များ စသည့် ပညာရေးအခြေခံကောင်း၊ ပတ်ဝန်းကျင်ကောင်းများကိုလည်း တစ်နိုင်ငံလုံး ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိကြောင်း။

ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်မည်ဆိုလျှင် အဆင့်မြင့်ပညာကဏ္ဍတွင် ၁၉၈၈ ခုနှစ်က တက္ကသိုလ်၊ ကောလိပ် ၃၂ ခု၌ ဆရာ ဆရာမ ၅၁၈၉ ဦးနှင့် သင်တန်းသား သင်တန်းသူ ၁၁၂၀၀၀ ကျော်ရှိခဲ့ရာမှ ယခုအခါ တက္ကသိုလ်၊ ကောလိပ် ၁၅၆ ခု၌ ဆရာ ဆရာမ ၁၀၀၀၀ ကျော်နှင့် သင်တန်းသား သင်တန်းသူ ၅၃၀၀၀၀ နီးပါးအထိ ရှိလာခဲ့ပြီဖြစ်ကြောင်း၊ ယခင်က သင်ကြားရေးအစီအစဉ် ၇၉ ခုနှင့် သုတေသနအစီအစဉ် ၃၈ ခုရှိခဲ့ရာမှ ယခုအခါတွင် သင်ကြားရေးအစီအစဉ် ၂၁၄ ခုနှင့် သုတေသနအစီအစဉ် ၂၉၀၀ ကျော်အထိ ရှိလာပြီဖြစ်ကြောင်း။

တိုးချဲ့ဖွင့်လှစ်

ထို့အပြင် တက္ကသိုလ်၊ ဒီဂရီကောလိပ်အလိုက် ထူထောင်ထားသည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနများအနေဖြင့် ဒေသအလိုက် လူမှုစီးပွားရေးဘဝတွင် လိုအပ်နေသည့်ကျွမ်းကျင်မှုဆိုင်ရာဘွဲ့၊ ဒီပလိုမာသင်တန်းများ တိုးချဲ့ဖွင့်လှစ်ပေးမှုများ၊ တက္ကသိုလ်ကြီးများ၌ မဟာသုတေသနဘွဲ့နှင့် ပါရဂူဘွဲ့သင်တန်းများ တိုးချဲ့ဖွင့်လှစ်ပေးမှုများကို ဆောင်ရွက်နေပြီဖြစ်ကြောင်း။

အခြေခံပညာကဏ္ဍတွင် ၁၉၈၈ ခုနှစ်က ဆရာ ဆရာမပေါင်း ၁ ဒသမ ၇၄ သိန်းခန့်က ကျောင်းသား ကျောင်းသူ ၅ ဒသမ ၂၄ သန်းခန့်ကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ရာမှ ယခုအခါ ဆရာ ဆရာမ ၂ ဒသမ ၆၅ သိန်းကျော် ကျောင်းသား ကျောင်းသူ ရှစ်သန်းကျော်ကို လေ့ကျင့်သင်ကြားပေးနိုင်သည်အထိ တိုးတက်ဖြစ်ထွန်းလာခဲ့ပြီ ဖြစ်ကြောင်း။

ရွေးချယ်သင်ယူ

ဤတိုးတက်ဖြစ်ထွန်းမှုများ၏ အနှစ်သာရပိုင်းကို ကြည့်မည်ဆိုလျှင် ယခင်က တစ်လမ်းသွားပညာရေးစနစ်၏နေရာ၌ ခက်ဖြာပညာရေးစနစ်၊ အခွင့်အလမ်းပွင့် ပညာရေးစနစ်ဖြစ်လာစေရေးအတွက် အခြေခံပညာကဏ္ဍအနေဖြင့် အလွတ်ကျက်မှတ်နာယူသည့် သင်ယူမှုပုံစံကပြောင်းလဲပြီး ကျောင်းသား ကျောင်းသူတစ်ဦးချင်းစီ၏ ဝါသနာ၊ ဗီဇနှင့် အရည်အသွေးတို့အရ ဘက်စုံကျွမ်းကျင်မှုနှင့် သီးခြားကျွမ်းကျင်မှုတို့ကို ယှဉ်တွဲပြုစုပျိုးထောင်ပေးနိုင်သည့် စနစ်ဖြစ်လာအောင်၊ လူ့ဘောင်အဖွဲ့အစည်းနှင့် ပညာရေးကိုဆက်စပ်ပေးနိုင်သည့်အပြင် အပြန်အလှန်အကျိုးပြုနိုင်သော ဘာသာရပ်၊ ပညာရပ်များပေါ်ထွန်းလာစေရေးအတွက် တက္ကသိုလ်ပညာ ဆက်လက်သင်ကြားရေး သက်သက်သာမဟုတ်ဘဲ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အလယ်အလတ်လမ်းသွယ်များကို ရွေးချယ်သင်ယူနိုင်သည့် အခွင့်အလမ်းများဖြစ်ပေါ်လာစေရအောင် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

အဆင့်မြင့်ပညာကဏ္ဍမှာဆိုလျှင် ပညာရပ်အလိုက် အထူးပြုတက္ကသိုလ်များ ပေါ်ထွန်းနေပြီဖြစ်သကဲ့သို့ တက္ကသိုလ်၊ ကောလိပ်အသီးသီးတွင်လည်း ပညာရပ်မျိုးကွဲများ၊ ပေါင်းစပ်ပညာရပ်များအလိုက် ဘွဲ့လွန်သင်တန်းများ၊ ပါရဂူဘွဲ့သင်တန်းများ ဖွင့်လှစ်ပေးနိုင်သည့်အတွက် ခက်ဖြာပညာရေးစနစ် ပီပီပြင်ပြင် ဖြစ်ထွန်းနေပြီလည်း ဖြစ်ကြောင်း။

အထူးသဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ ပညာရည်အရည်အသွေးအဆင့်မြှင့်တင်မှုများကို ဆောင်ရွက်လျက်ရှိရာတွင် အခြေခံပညာကဏ္ဍကစတင်ပြီး အဆင့်မြင့်ပညာကဏ္ဍ၌ လိုက်လျောညီထွေစွာ ဆက်လက်သင်ယူနိုင်စေရန် ပညာရပ်၊ ဘာသာရပ်များအလိုက် သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာများ အဆင့်မြှင့်တင်ပေးမှုများ၊ ဆရာအတတ်ပညာနှင့် အရည်အသွေးမြှင့်တင်မှုအစီအမံများ ဆောင်ရွက်လျက်ရှိကြောင်း။ အဆင့်မြင့်ပညာကဏ္ဍတွင်လည်း ပညာရပ်များ၏ ခက်ဖြာမှု (Diversification)နှင့်အထူးပြုမှု (Specialization)တို့ကို ဟန်ချက်ညီညီပေါင်းစပ်ပြီး ပညာရည်အရည်အသွေး တိုးတက်မြင့်မားရေးအတွက် အားစိုက်ဆောင်ရွက်လျက်ရှိကြောင်း။

အောင်မြင်တိုးတက်

အဓိကအားဖြင့် တစ်နိုင်ငံလုံးတွင် ဖြန့်ကြက်ပြီး ပညာသင်ယူနိုင်မှုအခွင့်အလမ်းနှင့် ပညာရည် အရည်အသွေးတို့ ဟန်ချက်ညီညီ မျှမျှတတ တိုးတက်မြင့်မားလာစေရအောင် စနစ်တကျ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် အောင်မြင်တိုးတက်မှုများ ရရှိဖြစ်ထွန်းလျက်ရှိနေပြီဖြစ်ကြောင်း။

ဤသည်တို့မှာ ယနေ့ နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားပညာရေးအဆင့်အတန်း နိုင်ငံတကာအဆင့်မီ တိုးတက်ဖြစ်ထွန်းလာစေရေး၊ နိုင်ငံ့လိုအပ်ချက်ကို ဖြည့်ဆည်းထောက်ကူပေးနိုင်သည့် ပညာရေးပတ်ဝန်းကျင်ကောင်း၊ ပညာရေးဆိုင်ရာ အခြေခံကောင်းများ ဖြစ်ထွန်းလာရေးနှင့် ကျောင်းသူကျောင်းသားတစ်ဦးချင်း၏ အရည်အသွေး ဘက်စုံပြည့်ဝထက်မြက်လာစေရေးတို့အတွက် ပညာရေးမြှင့်တင်မှုအစီအမံများကို စီမံချက်ချမှတ် ကြိုးပမ်းဆောင်ရွက်နေမှုများ၊ကဏ္ဍများအားလုံး ဟန်ချက်ညီညီ တိုးတက်ဖြစ်ထွန်းလာပြီး အပြန်အလှန်အကျိုးပြုမြှင့်တင်နိုင်စေရေးအတွက် စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများ၊ နိုင်ငံတော်က ထားရှိသည့် ရည်မှန်းချက်များနှင့် တိုးတက်အောင်မြင်ဖြစ်ထွန်းမှုများကို အကျဉ်းမျှ ရှင်းပြခြင်းဖြစ်ပါကြောင်း။

ဆရာ ဆရာမများ၊ ပညာရှင်များအနေဖြင့် နိုင်ငံတော်အစိုးရ၏ ပညာရေးဆိုင်ရာမူဝါဒများ၊ မျှော်မှန်းချက်များ၊ စီမံကြိုးပမ်းဆောင်ရွက်မှုများ၊ လက်တွေ့အောင်မြင်ဖြစ်ထွန်းမှုများကို သိမြင်ပြီး ဤမျှော်မှန်းချက်၊ ရည်ရွယ်ချက်များဖြင့်လျော်ညီစွာ နိုင်ငံနှင့် လူမျိုး တိုးတက်ကြီးပွားရေးအတွက် လက်တွေ့ဘဝတွင် အသုံးကျမည့် ပညာရပ်များ၊ ကျွမ်းကျင်မှုများ ဖြစ်ထွန်းလာစေရန်၊ အနာဂတ်ကာလတိုင် ရှင်သန်ရပ်တည်နိုင်မည့် ပညာရပ်များ ဖြစ်ထွန်းလာစေရန်၊ အရည်အသွေးအရ ရေရှည်အစမ်းသပ်ခံနိုင်မည့် ပညာရပ်များဖြစ်လာစေရန်အတွက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ယနေ့အချိန်အခါလို ပညာရေးက နယ်ပယ်ကဏ္ဍစုံကို ဦးဆောင်ပြောင်းလဲနေချိန်တွင် ပညာရေးမြှင့်တင်မှုများဖြင့်သာ နိုင်ငံ၏ အနာဂတ်ကို မျှော်မှန်းထားသည့် ပုံစံအတိုင်း ဖြစ်ထွန်းလာအောင် ဖန်တီးပေးနိုင်မှာဖြစ်ကြောင်း။

အခိုင်အမာတည်ဆောက်

ဤအတွက် ကျောင်းသူ ကျောင်းသားအရွယ် လူငယ်များသာမက ပြည်သူတစ်ရပ်လုံး အသိအမြင် ဗဟုသုတကြွယ်ဝအောင် မှန်မှား၊ ဆိုးကောင်းကို ပညာဉာဏ်သတိဖြင့် ယှဉ်ပြီး ဆုံးဖြတ်နိုင်စွမ်းရှိအောင် အမျိုးသားပညာရည်မြင့်မားမှုစွမ်းအားကို အခိုင်အမာတည်ဆောက်ထားနိုင်ရန် လိုအပ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ဆရာ ဆရာမများ၊ ပညာရှင်များအနေဖြင့် နိုင်ငံတော်က ပညာရေးကဏ္ဍအပေါ် ထားရှိသည့် မျှော်လင့်အားထားချက်များ၊ အနာဂတ်မျှော်မှန်းချက်များနှင့်တကွ နိုင်ငံနှင့် လူမျိုး၏ ရေရှည်ကို မျှော်တွေးသိမြင်ပြီး ယနေ့ ရရှိဖြစ်ထွန်းနေပြီဖြစ်သည့် ပညာရေးပတ်ဝန်းကျင်ကောင်း၊ အခြေခံကောင်းများကို အနာဂတ်ကာလတိုင် ထိန်းသိမ်းမြှင့်တင်နိုင်ရေးအတွက် အမျိုးသားပညာရည်မြင့်မားရေးစီမံကိန်းလုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးကြပါဟု တိုက်တွန်းပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများ၊ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး အခြေခံပညာ ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ချက်များ၊ အဆင့်မြင့်ပညာ ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပြသထားသည့် ပညာရေးဖွံ့ဖြိုးမှုပြခန်းကို ကြည့်ရှုစစ်ဆေးသည်။

၂၀၀၈ ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲကို ဧပြီ ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

MRTV-4
ရုပ်မြင်သံကြားအစီအစဉ်

၃၀-၄-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	တောဒေယျဝတ္ထုတရားတော် (ဆရာတော်ဦးအဂ္ဂဉာဏ)
၇း၅၅-၁း၅၅	Industrial Talk [ဒေါက်တာမျိုးသန့်တင်၊ ဦးတင်အောင်ရွှေ(သုတေသီ)]
၈း၃၀-၂း၃၀	တေးဂီတအစီအစဉ်
၈း၃၅-၂း၃၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၉း၀၀-၃း၀၀	ရင်သွေးငယ်များကျန်းမာဖို့ မိခင်နို့ချိုတိုက်ကြစို့
၉း၁၅-၃း၁၅	တေးဂီတအစီအစဉ်
၉း၂၀-၃း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀-၃း၃၀	သပြေကုန်းမှ ရွှေအပြုံးများ
၁၀း၀၀-၄း၀၀	တေးဂီတအစီအစဉ်
၁၀း၁၀-၄း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၅-၄း၁၅	သဘာဝဘေးအန္တရာယ် ကာကွယ်မှုနှင့်မြန်မာနိုင်ငံ (အပိုင်း၂)
၁၀း၃၅-၄း၃၅	တေးဂီတအစီအစဉ်
၁၀း၄၅-၄း၄၅	မိုးလေဝသခန့်မှန်းချက်
၁၀း၅၀-၄း၅၀	လမ်းပြကြယ်များ
၁၁း၁၀-၅း၁၀	တေးဂီတအစီအစဉ်
၁၁း၂၀-၅း၂၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၃၀-၅း၃၀	Midweek Sports News
၁၁း၄၅-၅း၄၅	တေးဂီတအစီအစဉ်
၁၁း၅၀-၅း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၅-၅း၅၅	စိတ်အားထက်သန်ဆန္ဒအမှန်
၁၂း၂၀-၆း၂၀	တေးဂီတအစီအစဉ်
၁၂း၃၀-၆း၃၀	International Video Topics (အန္တရာယ်ကြီးမားသတ္တဝါကြီးများ)
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။

Champions League ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၀၀	Chelsea - Liverpool	ESPN (Live)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်အစည်းအဝေး ဆက်လက်ကျင်းပ

နေပြည်တော် ဧပြီ ၂၉

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၁၈)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဒုတိယနေ့ အစီအစဉ်များကို ယနေ့နံနက် ၈နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စောနှင်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဒေါ်အေးအေး၊ ဗဟိုအလုပ်အမှုဆောင်များ၊ ဗဟိုကောင်စီဝင်များ၊ ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တွဲဖက်အတွင်းရေးမှူးများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၁၈)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဒုတိယနေ့တွင် တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

အစည်းအဝေးတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးကဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူး(၂) ဒေါက်တာ ဒေါ်သိန်းသိန်းငွေးက ဆောင်ရွက်သည်။

ဖြည့်စွက်ဆွေးနွေး

အစည်းအဝေး အစီအစဉ်အရ ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့များ၏၂၀၀၇ခုနှစ် နှစ်ချုပ်အစီရင်ခံစာများကို ဖတ်ကြားတင်ပြကြရာ ရှမ်းပြည်နယ်(တောင်ပိုင်း)မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ နှစ်ချုပ် အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူးဒေါက်တာဒေါ်နန်းသူဇာကလည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏နှစ်ချုပ်အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်နန်းကိန်းဖောင်းတစ်ကလည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ နှစ်ချုပ်အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်ဇင်မာဦးက လည်းကောင်း၊ ဧရာဝတီတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့၏ နှစ်ချုပ်အစီရင်ခံစာကို တွဲဖက် အတွင်းရေးမှူး ဒေါက်တာဒေါ်စောသန္တာမြင့်ကလည်းကောင်း ဖတ်ကြားတင်ပြကြပြီး သဘာပတိဒေါ်အေးအေးက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးသည်။

ဆောင်ရွက်

ထို့နောက် ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့များ၏ လေ့လာချက်စာတမ်းများ ဖတ်ကြားတင်သွင်းခြင်း အစီအစဉ်ကိုကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယ ဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က ဆောင်ရွက်သည်။

စာတမ်းများဖတ်ကြားတင်ပြ

အစီအစဉ်အရ ကချင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ 'ဂျိမ်းဖောမြေမှ ပြုံးအလှပိုင်ရှင်ကလေးများ' စာတမ်းကို အတွင်းရေးမှူးဒေါက်တာခင်မောင်ဝင်းကလည်းကောင်း၊ ကယားပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ 'အိုင်အိုဒင်းချို့တဲ့မှုရောဂါများပပျောက်ရေး ပန်းတိုင်သို့' စာတမ်းကို အတွင်းရေးမှူး ဒေါက်တာသန်းထွန်းမြင့်က လည်းကောင်း၊ ကရင်ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့၏ 'မိခင်နို့ စနစ်တကျ တိုက်ကျွေးခြင်းလေ့လာမှု' စာတမ်းကို အတွင်းရေးမှူးဒေါက်တာငွေနောင်ကလည်းကောင်းဖတ်ကြားတင်ပြကြရာ သဘာပတိဒေါက်တာဒေါ်တင်လင်းမြင့်က တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ထို့နောက် အစည်းအဝေး အစီအစဉ်များကို နံနက်၁၁နာရီ မိနစ်၂၀တွင် ပြန်လည် ကျင်းပရာ ချင်းပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ 'အသိပညာ လက်ဆင့်ကမ်း တောင်ဇလပ်ပန်းတို့ ပွင့်လန်းရာမြေ' စာတမ်းကို အတွင်းရေးမှူး ဒေါက်တာခင်မောင်စီကလည်းကောင်း၊စစ်ကိုင်းတိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ 'မိခင်ရင်သွေး ကျန်းမာရေး' စာတမ်းကို အတွင်းရေးမှူး ဒေါက်တာကျော်ရှိန်ကလည်းကောင်း၊ တနင်္သာရီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ 'တနင်္သာရီတိုင်း ကာကွယ်ဆေးထိုး၊ဆေးတိုက်လွှမ်းခြုံမှုအား စက်ရုံထုတ်ပစ္စည်း အရည်အသွေး စစ်ဆေးခြင်း၊ နည်းပညာသုံး၍ သန့်စင်ခြင်းနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၏ပါဝင်ဆောင်ရွက်မှု အခန်းကဏ္ဍ' စာတမ်းကို အတွင်းရေးမှူး ဒေါက်တာမိုးဆွေကလည်းကောင်း၊ ပဲခူးတိုင်း(အရှေ့ပိုင်း)မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏သွေးလွန်တုပ်ကွေးရောဂါနှင့် ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ရွက်နိုင်မှု အခြေအနေ လေ့လာခြင်း စာတမ်းကို အတွင်းရေးမှူး ဒေါက်တာငွေစန်းကလည်းကောင်း ဖတ်ကြားတင်ပြကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ နှစ်ချုပ်အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာ ဒေါ်နန်းကိန်းဖောင်းတစ် ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ယင်းနောက် မွန်းလွဲ ၁ နာရီတွင် အစည်းအဝေး အစီအစဉ်များကို ပြန်လည်ကျင်းပရာ ပဲခူးတိုင်း(အနောက်ပိုင်း) မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ 'မွေးရာပါ အင်္ဂါချို့ယွင်းတာ မိခင် ကလေး မေတ္တာပါ' စာတမ်းကို အတွင်းရေးမှူး ဒေါက်တာသန်းဝင်းက လည်းကောင်း၊ မကွေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ 'ကိုယ်ဝန်နှင့်ပတ်သက်၍ သေလုနီးပါး နာမကျန်းဖြစ်ခဲ့သော မကွေးတိုင်းရှိ မိခင်များ၏ ကျန်းမာရေး အသိခံယူချက်နှင့် ကုသမှုခံယူခဲ့ပုံများကိုလေ့လာခြင်း' စာတမ်းကို အတွင်းရေးမှူး ဒေါက်တာ မောင်မောင်အောင်ကျော်က လည်းကောင်း၊ မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ 'နှင်းမြို့တော်မှ ပန်းပေါင်းစုံ ဖူးပွင့်ဖို့ မိခင်နှင့်ကလေး စောင့်ရှောက်စို့' စာတမ်းကို အတွင်းရေးမှူး ဒေါက်တာခင်မောင်ထွန်းက လည်းကောင်း၊ မွန်ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့၏ 'ကိုယ်ဝန်ဆောင်ခြင်း၊ မီးဖွားခြင်း၊ မွေးပြီး မိခင်စောင့်ရှောက်ခြင်းနှင့် ပတ်သက်၍ အမျိုးသားများ၏ သိနားလည်မှု၊ သဘောထားခံယူချက်နှင့် အလေ့အထများအား လေ့လာခြင်း' စာတမ်းကို အတွင်းရေးမှူး ဒေါက်တာဌေးအောင်ကလည်းကောင်း၊ ရခိုင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ 'ဒေသခံလူထု ပူးပေါင်း ဆောင်ရွက်သော အာဟာရလုပ်ငန်းအား ဆန်းစစ်ခြင်း' စာတမ်းကို အတွင်းရေးမှူး ဒေါက်တာချို့ထွန်းကလည်းကောင်း၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ 'သာကေတမြို့နယ် အတွင်းရှိ မိသားစုများ၏ အာဟာရ အသိပညာနှင့် ကျန်းမာရေးနှင့် ညီညွတ်စွာ ချက်ပြုတ်စားသောက်နိုင်မှု အခြေအနေ ဆန်းစစ်လေ့လာခြင်းနှင့် ဆောင်ရွက်ခြင်း သုတေသန' စာတမ်းကို အတွင်းရေးမှူး ဒေါက်တာလှမြင့်ကလည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ 'လက်လေးသန့်ရှင်း ရောဂါကင်း' စာတမ်းကို အတွင်းရေးမှူး ဒေါက်တာတင်ဝင်းကျော်ကလည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့၏ 'စာနာကြည်ဖြူ လက်တွဲကူ' စာတမ်းကို အတွင်းရေးမှူး ဒေါက်တာ စိုင်းစံဝင်းက လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ 'ဘဝတစ်သက်တာ (သွား) ကျန်းမာ' စာတမ်းကို အတွင်းရေးမှူး ဒေါက်တာ မြင့်အောင်ကလည်းကောင်း၊ ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ 'မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင် ဆယ် အိမ်စုမှူးများ၏ အရည်အသွေးမြင့်မားရေးလုပ်ငန်းကို ဆန်းစစ်လေ့လာခြင်း' စာတမ်းကို အတွင်းရေးမှူး ဒေါက်တာ အေးကိုကိုကလည်းကောင်း ဖတ်ကြား တင်ပြကြသည်။

ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့များ၏ လေ့လာချက်စာတမ်းများ ဖတ်ကြားတင်သွင်းခြင်း အစီအစဉ်တွင် သဘာပတိအဖြစ် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့် ဆောင်ရွက်စဉ်။ (သတင်းစဉ်)

အဆိုပါ တင်ပြချက်များနှင့် စပ်လျဉ်း၍ သဘာပတိ ဒေါက်တာ ဒေါ်တင်လင်းမြင့်က လိုအပ်သည်များ ကို ဖြည့်စွက်ဆွေးနွေးကာ အစည်း အဝေး ဒုတိယနေ့ အစီအစဉ်များကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

ဆက်လက်ကျင်းပမည်

နှစ်ပတ်လည် အစည်းအဝေး တတိယနေ့ အစီအစဉ်များကို ဧပြီ ၃၀ရက်တွင် ဆက်လက် ကျင်းပသွား မည် ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၁၈)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဒုတိယနေ့ သဘာပတိအဖြစ် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးဆောင်ရွက်စဉ်။ (သတင်းစဉ်)

ချင်းပြည်နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ အသိပညာလက်ဆင့်ကမ်း တောင်ဇလပ်ပန်းတို့ ပွင့်လန်းရာမြေ စာတမ်းကို အတွင်းရေးမှူး ဒေါက်တာ ခင်မောင်စီ ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ကချင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ ဂျိမ်းဖောမြေမှ ပြုံးအလှပိုင်ရှင်ကလေးများ စာတမ်းကို အတွင်းရေးမှူး ဒေါက်တာခင်မောင်ဝင်း ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့၏ နှင်းမြို့တော်မှ ပန်းပေါင်းစုံဖူးပွင့်ဖို့ မိခင်နှင့်ကလေး စောင့်ရှောက်စို့ စာတမ်းကို အတွင်းရေးမှူး ဒေါက်တာ ခင်မောင်ထွန်း ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)



ပဲခူးတိုင်း(အရှေ့ပိုင်း) မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ သွေးလွန်တုပ်ကွေးရောဂါ နှင့် ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ရွက် နိုင်မှုအခြေအနေလေ့လာခြင်း စာတမ်း ကို အတွင်းရေးမှူး ဒေါက်တာငွေစန်း ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

သဃ်န်းကျွန်းဘဏ်တွင်ဖြစ်ပွားခဲ့သော လူသတ်မှုကျူးလွန်သူနှစ်ဦးအား ရန်ကုန်တိုင်းရဲတပ်ဖွဲ့က ဖော်ထုတ်ဖမ်းဆီးရမိ

ရန်ကုန် ဧပြီ ၂၉

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ်အတွင်းသို့ ပစ္စည်းခိုးယူရန် ဝင်ရောက်ခဲ့ပြီး ဘဏ်ဝန်ထမ်းတစ်ဦးအား ဓားနှင့်ထိုးသတ်သူ တရားခံနှစ်ဦးကို ရန်ကုန်တိုင်းရဲတပ်ဖွဲ့က ပြည်သူလူထု ပူးပေါင်းကူညီမှုဖြင့် ရက်၂၀အတွင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ဖြစ်ပွားပုံမှာ ဧပြီ၈ရက် ညရနာရီခန့်တွင် သဃ်န်းကျွန်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာ ဦးခင်အေး၊ စာရင်းကိုင်အဆင့်(၃)ဦးအေးကြိုင်၊ ကြီးကြပ်ရေးမှူး ဦးစိန်ရွှေမောင်တို့သည် ဘဏ်ရှေ့အုတ်ခုံတွင် ထိုင်နေကြရာမှ ဘဏ်အဆောက်အအုံအတွင်းသို့ ပြန်လည်ဝင်ရောက်လာစဉ် ရုံးခန်းအတွင်းရောက်ရှိနေသော လူနှစ်ဦးက ၎င်းတို့အား ဝင်ရောက်လုံးထွေးသတ်ပုတ်ပြီး တုတ်နှင့်ရိုက်ခြင်း၊ ဓားဖြင့်ထိုးခြင်းပြုလုပ်၍ ထွက်ပြေးသွားခဲ့ကြကြောင်း သိရသည်။

ယင်းကဲ့သို့ လုံးထွေးသတ်ပုတ်ခံရမှုကြောင့် ဦးခင်အေး၏ မေးစေ့တွင် ပြတ်ရှဒဏ်ရာနှစ်ချက်၊ ဦးအေးကြိုင်၏ ကျောကုန်းတွင် ပေါက်ပြဲဒဏ်ရာနှစ်ချက်၊ ယာနားရွက်ပေါက်ပြဲ ဒဏ်ရာတစ်ချက်ရရှိခဲ့ပြီး ကြီးကြပ်ရေးမှူး ဦးစိန်ရွှေမောင်မှာ ရင်ညွှန့်ထိုးသွင်း ဒဏ်ရာတစ်ချက်၊ ယာလက်ဖျံ ပြတ်ရှဒဏ်ရာတစ်ချက်၊ မေးစေ့တွင် ပွန်းပဲ့ဒဏ်ရာတစ်ချက်တို့ဖြင့် သေဆုံးသွားခဲ့သဖြင့်သဃ်န်းကျွန်းရဲစခန်းမှ (ပ)၂၈၃/၂၀၀၈၊ ပြစ်မှုပုဒ်မ ၃၀၂/၃၂၆/၁၁၄ ဖြင့် အမှုဖွင့်အရေးယူထားခဲ့သည်။

ဝတ္တရားနှောင့်ယှက်

ပြစ်မှုကျူးလွန်သူ တရားခံများကို ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် ရန်ကုန်တိုင်းရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးခဲ့ရာ ၂၀၀၇ခုနှစ်အတွင်း သဃ်န်းကျွန်းရဲစခန်းမှ လှည့်ကင်းတာဝန် ထမ်းဆောင်နေသော တပ်ဖွဲ့ဝင်များအား ဝတ္တရား နှောင့်ယှက်မှုဖြင့် ထွက်ပြေးတိမ်းရှောင်နေသည့် သဃ်န်းကျွန်းမြို့နယ် (၁၆/၁)ရပ်ကွက်နေ ဇော်ကြီးနှင့် (၁၆/၃) ရပ်ကွက်နေ သန်းထွေးတို့က ပြစ်မှုကျူးလွန်ခဲ့ကြခြင်းဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။

ပြစ်မှုကျူးလွန်သူ တရားခံ ဇော်ကြီး(ခ)ဇော်ဇော်ထွန်းအား မြောက်ဥက္ကလာပမြို့နယ် (ဆ)ရပ်ကွက် သုနန္ဒာ ၉လမ်း မ/၂၇၄နေ ၎င်း၏အစ်မတော်စပ်သူ ဒေါ်စန်းစန်းမြင့်နေအိမ်၌ ပုန်းအောင်းနေစဉ် ဧပြီ ၂၅ရက် ည၁၁နာရီခွဲ တွင်လည်းကောင်း၊ တရားခံ သန်းထွေးအား ဒဂုံမြို့သစ်(တောင်ပိုင်း) (၆၅)ရပ်ကွက် စက်မှုဇုန်(၁)ရှိ ဦးဦးခေါက်ဆွဲ စက်ရုံ၌ ပုန်းခိုနေစဉ် ဧပြီ၂၈ရက် နံနက် ၅နာရီခွဲတွင်လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ထွက်ပြေးတိမ်းရှောင်

တရားခံ ဇော်ကြီးနှင့် သန်းထွေးတို့မှာ ယခင်က လူသတ်မှု၊ ဓားခုတ်မှုဖြင့် ပြစ်ဒဏ်ကျခံရဖူးသူများဖြစ်ပြီး ၂၀၀၇ ခုနှစ်အတွင်း သဃ်န်းကျွန်းရဲစခန်းမှ လှည့်ကင်းတာဝန်ဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များအား ဝတ္တရား နှောင့်ယှက်မှုကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်နေသူများဖြစ်ကြောင်း၊ ယင်းကဲ့သို့ ထွက်ပြေးတိမ်းရှောင်နေရ၍ လုပ်ကိုင်စားသောက်ရန် အခက်အခဲရှိလာသောကြောင့် သဃ်န်းကျွန်းဘဏ်အတွင်းသို့ ငွေကြေး/ပစ္စည်းခိုးယူရန် ဝင်ရောက်ခဲ့ရာမှ ၎င်းတို့နှစ်ဦး ဘဏ်အဆောက်အအုံအတွင်းရောက်ရှိပြီး ပစ္စည်းနှင့်ငွေများ ရှာဖွေနေစဉ် ဘဏ် ဝန်ထမ်းများ ရောက်ရှိလာ၍ လုံးထွေးသတ်ပုတ်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စု၏ နှလုံးသားအစစ်

လွတ်လပ်ရေးရပြီးနောက်ပိုင်း မြန်မာ့နိုင်ငံရေးသမိုင်းကို ကြည့်လျှင် အခြေခံဥပဒေနှစ်ခုဖြင့် နိုင်ငံရေးစနစ်နှစ်မျိုး ကျင့်သုံးခဲ့ဖူးကြောင်း တွေ့ရှိရပေမည်။ ပထမအခြေခံဥပဒေမှာ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဖြစ်ပြီး ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့ခြင်းဖြစ်သည်။

ဒုတိယအခြေခံဥပဒေမှာ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပြီး ဆိုရှယ်လစ်စနစ်ကို ကျင့်သုံးခဲ့သည်။

တစ်ပါတီစနစ်သည် မြန်မာနိုင်ငံအတွက် စစ်မှန်သောဒီမိုကရေစီကို မပေးနိုင်ခဲ့ပေ။ ဆိုရှယ်လစ်စနစ်ကလည်း မြန်မာနိုင်ငံတွင် စစ်မှန်သော ဒီမိုကရေစီကို ဖန်တီးပေးနိုင်ခြင်းမရှိခဲ့ပေ။ ထို့ကြောင့် စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် နည်းလမ်းတကျ၊စည်းကမ်းတကျ ကျင့်သုံးနိုင်ရေးအတွက် ၂၀၀၈ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ပေါ်ပေါက်လာရခြင်းဖြစ်သည်။

ယခုဖွဲ့စည်းပုံအခြေခံဥပဒေသည်ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေနှစ်ခု၏ အားနည်းချို့ယွင်းချက်များကို ရှောင်ရှားပြီး ကောင်းမြတ်သောတရားတို့၏ သဘောထားနှင့် သဘောတရားများကို ရယူထားသည်။ အစကောင်းမှ အနှောင်းသေချာမည်ဖြစ်၍ ကမ္ဘာ့နိုင်ငံ ၁၀၀ ခန့်၏ အခြေခံဥပဒေများကို အချိန်ယူလေ့လာ သုတေသနပြုပြီး နိုင်ငံနှင့်လူမျိုးအတွက် ကောင်းနိုးရာရာများကို ညှိနှိုင်းတိုင်ပင်မှုဖြင့် ရေးဆွဲထားခြင်း လည်းဖြစ်သည်။ တိုင်းရင်းသားလူမျိုးစု၊ လူနည်းစုများ၏အရေးအထိ အလေးထား ဆွေးနွေးပြီး နောင်တစ်ချိန် အငြင်းပွားဖွယ်ရာ မဖြစ်အောင် ဖော်ဆောင်ပေးထားကြောင်း လေ့လာသူတိုင်း သဘောပေါက်နိုင်ပေသည်။

ယခင် အခြေခံဥပဒေဟောင်းနှစ်ခုနှင့် ယခုအခြေခံဥပဒေသစ်တို့ကို နှိုင်းယှဉ်လေ့လာပါက သာမန်ပြည်သူတစ်ဦးအနေဖြင့် ယခုအခြေခံဥပဒေသစ်ကို ပိုမို၍ လိုလားနှစ်သက် လက်ခံမည်ဟု ယူဆပါသည်။ အဘယ်ကြောင့်ဆိုသော် တိုင်းရင်းသား(နိုင်ငံသား)တစ်ဦးစီ၏ နှလုံးသားအသီးသီးသည် ပြည်ထောင်စုကြီး၏ နှလုံးသားနှင့် ရေသောက်မြစ်အဖြစ် အပြန်အလှန် အမြစ်တွယ် ယှက်နွယ်စီးဆင်းနေ၍ ဖြစ်သည်။

ယခင်အခြေခံဥပဒေဟောင်းနှစ်ခုနှင့် ယခုအခြေခံဥပဒေသစ်တို့ကို အနှစ်သာရချင်း၊ အကျိုးကျေးဇူးချင်းနှိုင်းယှဉ်ကြည့်ရန် အချိန်မပေးနိုင်သူများအတွက် နိဒါန်းသုံးရပ်ကို ဆက်စပ်လေ့လာနိုင်ရန် မိတ်ဆက်ဖော်ပြလိုပါသည်။

၁၉၄၇ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့တွင် တိုင်းပြုပြည်ပြုလွှတ်တော်က အတည်ပြုခဲ့သော ၁၉၄၇ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနိဒါန်းတွင် အောက်ပါအတိုင်း ဖော်ပြထားသည်-

"နယ်စပ်ဒေသများနှင့် ကရင်နီများအပါအဝင် မြန်မာနိုင်ငံတော်၏ နိုင်ငံသားများ ဖြစ်ကြကုန်သော ကျွန်ုပ်တို့သည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သော မြန်မာနိုင်ငံကို အခိုင်အခံ့၊ တညီတညွတ် တည်ဆောက်ရန် သန္နိဋ္ဌာန်ချ၍ လည်းကောင်း၊ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားများကိုအခြေပြုကာ လူသတ္တဝါခပ်သိမ်းတို့၏ငြိမ်းချမ်းသာယာရေးကို ခိုင်မြဲတည်တံ့အောင် ထိန်းသိမ်းရန် သန္နိဋ္ဌာန်ချ၍ လည်းကောင်း၊ လူမှုဆက်ဆံရေး တရားမျှတမှု၊ စီးပွားရေး တရားမျှတမှု၊ နိုင်ငံရေး တရားမျှတမှု၊ လွတ်လပ်စွာ တွေးကြံနိုင်မှု၊ လွတ်လပ်စွာ ဖွင့်ဟရေးသား ဖော်ပြနိုင်မှု၊ လွတ်လပ်စွာ ယုံကြည်နိုင်မှု၊ လွတ်လပ်စွာကိုးကွယ်နိုင်မှု၊ လွတ်လပ်စွာ ဘုရား၊ ကျောင်း၊ ကန်စသည်တို့ကို သွားလာဝတ်ပြုနိုင်မှု၊ လွတ်လပ်စွာ ပရိယေသနရှာမှီးနိုင်မှု၊ လွတ်လပ်စွာ စည်းရုံးနိုင်မှု၊ လွတ်လပ်စွာ ပြုမူဆောင်ရွက်နိုင်မှု၊ အဆင့်အတန်းညီမျှမှု၊ အခွင့်အလမ်းညီမျှမှု၊ တရားဥပဒေအရာတွင် ညီမျှမှုတို့ကို နိုင်ငံသားအားလုံးတို့ ရရှိခံစား နိုင်စေခြင်းငှာ အခိုင်အမာခံဝန်ပြုရန် သန္နိဋ္ဌာန်ချ၍ လည်းကောင်း မြန်မာသက္ကရာဇ် ၁၃၀၉ခုနှစ်၊ သီတင်းကျွတ်လဆန်း(၁၀)ရက်နေ့ (ခရစ်သက္ကရာဇ် ၁၉၄၇ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့)တွင် ဤဖွဲ့စည်းပုံ အခြေခံဥပဒေကို ကျွန်ုပ်တို့သည် လက်ခံ၍ ဥပဒေအဖြစ် အတည်ပြုပြီးလျှင် ကျွန်ုပ်တို့အား အပ်နှင်းလိုက်သည်။"

၁၉၇၄ ခုနှစ် ဇန်နဝါရီလ ၃ရက်နေ့တွင် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၁၉၇၄ခုနှစ်)ကို အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ထိုအခြေခံဥပဒေနိဒါန်းအပိုင်းတွင် အောက်ပါအတိုင်း ဖော်ပြထားပေသည်-

စာဖတ်သူတစ်ဦး

"ကျွန်ုပ်တို့ လုပ်သားပြည်သူအပေါင်းတို့သည်-

- **မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ဦးဆောင်မှုကို အလေးအနက်ထားခံယူသွားမည်ဟု သန္နိဋ္ဌာန်ချမှတ်၍လည်းကောင်း၊**
- **လူလူချင်း၊ လူမျိုးအချင်းချင်း မတရားခေါင်းပုံဖြတ် ခြယ်လှယ်သော ဝိသမလောဘ စနစ်ဆိုးမှန်သမျှကို ဆန့်ကျင်လျက် တရားမျှတ၍ ပြဟ္မစိုရ်တရားထွန်းကားမှုကို ရှေးရှုမည်၊ လူတို့၏ မသိနားမလည်မှု၊ ခေတ်နောက်ကျမှု၊ အခွင့်အလမ်းမဲ့မှု စသော အားနည်းချက်များအပေါ်တွင် သနားငဲ့ညှာ စာနာထောက်ထားခြင်း မရှိမှုတို့ကို ကင်းရှင်းစေလျက် သာယာဝပြောစေမည့် ဆိုရှယ်လစ်စီးပွားရေးစနစ်ကို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ဖြင့် တည်ဆောက်ကြမည်ဟု သန္နိဋ္ဌာန်ချမှတ်၍ လည်းကောင်း၊**
- **မိမိတို့၏ ဘဝကံကြမ္မာကို မိမိတို့ကိုယ်တိုင် စီမံဖန်တီးနိုင်စွမ်းသော ဆိုရှယ်လစ်ဒီမိုကရေစီ လူနေမှုစနစ်ကို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ဖြင့် တည်ဆောက်ကြမည်ဟု သန္နိဋ္ဌာန်ချမှတ်၍ လည်းကောင်း၊**
- **ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း လူမျိုးရေးတန်းတူမှုဖြင့် မရှိအတူ ရှိအတူ၊ အေးအတူ ပူအမျှ၊ ဥမကွဲသိုက်မပျက်၊ ကောင်းတူဆိုးဖက် ထာဝစဉ်စည်းလုံးညီညွတ်စွာ လက်တွဲနေထိုင်ကြမည်ဟု သန္နိဋ္ဌာန်ချမှတ်၍ လည်းကောင်း၊**
- **ဤနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဒီမိုကရေစီအခွင့်အရေးများ၊ ပုဂ္ဂိုလ်ဆိုင်ရာပိုင်ခွင့်များနှင့် လွတ်လပ်ခွင့်များကို ခံစားလျက် ဆိုရှယ်လစ်စနစ်နှင့် နိုင်ငံတော်အတွက် ကျရောက်လာသော တာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြမည်ဟု သန္နိဋ္ဌာန်ချမှတ်၍ လည်းကောင်း၊**
- **ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို အစဉ်ကြိုးပမ်းကြမည်ဟု သန္နိဋ္ဌာန်ချမှတ်၍လည်းကောင်း၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို မြန်မာသက္ကရာဇ် ၁၃၃၅ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက် (ခရစ်သက္ကရာဇ် ၁၉၇၄ ခုနှစ် ဇန်နဝါရီလ ၃ ရက်) ကြာသပတေးနေ့တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးဖြင့် အတည်ပြုပြဋ္ဌာန်းလိုက်ကြသည်။"**

ယခု ၂၀၀၈ခုနှစ် မေလ ၁၀ ရက်နေ့တွင် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲဖြင့် အတည်ပြုပြဋ္ဌာန်းနိုင်တော့မည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း (၂၀၀၈ခုနှစ်)တွင် နိဒါန်းအပိုင်း၌ အောက်ပါအတိုင်း ဖော်ပြထားသည်-

" ကျွန်ုပ်တို့ တိုင်းရင်းသားပြည်သူအပေါင်းတို့သည်-

- **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဦးတည်ချက်များကို အစဉ်တစိုက် မမှိတ်မသုန် စွဲမြဲစွာခံယူစောင့်ထိန်းသွားကြမည်ဟု သန္နိဋ္ဌာန်ချမှတ်၍ လည်းကောင်း၊**
- **နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားစေလျက် တိုင်းရင်းသားပြည်သူများ ငြိမ်းချမ်းသာယာဝပြောရေးကို တည်တံ့ခိုင်မြဲအောင် စဉ်ဆက်မပြတ် ဆောင်ရွက်ထိန်းသိမ်းသွားကြမည်ဟု သန္နိဋ္ဌာန်ချမှတ်၍ လည်းကောင်း၊**
- **နိုင်ငံတော်အတွင်း လူမျိုးရေးတန်းတူမှုဖြင့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ကို ခိုင်မြဲစွာမွေးမြူလျက် ထာဝစဉ်စည်းလုံးညီညွတ်စွာ အတူတကွ လက်တွဲနေထိုင်ကြမည်ဟု သန္နိဋ္ဌာန်ချမှတ်၍လည်းကောင်း၊**
- **ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းသင်းဆက်ဆံရေးကို ရှေးရှုလျက် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းရန် အစဉ်ကြိုးပမ်းကြမည်ဟု သန္နိဋ္ဌာန်ချမှတ်၍ လည်းကောင်း၊**

ဤပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို သက္ကရာဇ်-----------------ခုနှစ်၊ -------------လ၊ -------------------ရက်၊ (ခရစ်နှစ်----------------ခုနှစ်၊ -----------------လ၊-----------------ရက်)နေ့တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးဖြင့် အတည်ပြုပြဋ္ဌာန်းလိုက်ကြသည်။ "

ဖော်ပြပါ အခြေခံဥပဒေအသီးသီး၏ နိဒါန်းသုံးရပ်ဆက်စပ်လေ့လာလျှင် ၁၉၄၇ခုနှစ် အခြေခံဥပဒေသည် အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် လွတ်လပ်ရေးကို ဦးစားပေးထားသည်။ ၁၉၇၄ခုနှစ် အခြေခံဥပဒေက ဆိုရှယ်လစ်စနစ်ကို အလေးထားသည်။ ယခုအခြေခံဥပဒေက အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် လွတ်လပ်ရေးကို ဦးစားပေးထားသည့်အပြင် တိုင်းရင်းသား ပြည်သူများနှင့် ပြည်ထောင်စုအရေးကို ဦးထိပ်ပန်ဆင်ထားပေသည်။

အာဏာခွဲဝေကျင့်သုံးမှုတွင် ၁၉၄၇ခုနှစ် အခြေခံဥပဒေက မဲအများဆုံး ရသည့်ပါတီကို အာဏာသုံးရပ် ပုံအပ်ထားသည်။ ၁၉၇၄ ခုနှစ် အခြေခံဥပဒေက တစ်ပါတီလက်ထဲ ဝကွက်အပ်ထားသည်။ ယခုအခြေခံဥပဒေက ဥပဒေပြုအဖွဲ့(ပြည်ထောင်စုလွှတ်တော်)၊ အုပ်ချုပ်ရေးအဖွဲ့ (ပြည်ထောင်စုအစိုးရအဖွဲ့)နှင့် တရားစီရင်ရေးအဖွဲ့ (ပြည်ထောင်စုတရားလွှတ်တော်ချုပ်)တို့ကို ပိုင်းခြားကျင့်သုံးစေသည်။ အောက်ခြေအဖွဲ့အဆင့်ဆင့်သို့ ခွဲဝေအပ်နှင်းသည်။ အဖွဲ့အချင်းချင်း အပြန်အလှန်ထိန်းကျောင်းစေသည်။ ယခုအခြေခံ ဥပဒေတွင် ဒီမိုကရေစီပိုင်ခွင့်များကိုလည်း အပြည့်အဝပေးထားသည်။

ဤသို့ အကြောင်းအကျိုး၊ အကောင်းအဆိုးများကို ယေဘုယျနားလည်သဘောပေါက်ရုံဖြင့် ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၍၊ ကောင်းကျိုးကိုယ်၌တည်စေမည့် လုပ်ဆောင်ချက်မှာ အခြေခံဥပဒေမူကြမ်းကို ထောက်ခံအတည်ပြုခြင်းသာဖြစ်ကြောင်း မီးမောင်းထိုးပြလိုက်ရပေသည်။ ။

အာဏာခွဲဝေကျင့်သုံးမှုတွင် ၁၉၄၇ခုနှစ် အခြေခံဥပဒေက မဲအများဆုံးရသည့်ပါတီကို အာဏာသုံးရပ် ပုံအပ်ထားသည်။ ၁၉၇၄ခုနှစ် အခြေခံဥပဒေက တစ်ပါတီလက်ထဲ ဝကွက်အပ်ထားသည်။ ယခုအခြေခံဥပဒေက ဥပဒေပြုအဖွဲ့ (ပြည်ထောင်စုလွှတ်တော်)၊ အုပ်ချုပ်ရေးအဖွဲ့ (ပြည်ထောင်စုအစိုးရအဖွဲ့)နှင့် တရားစီရင်ရေးအဖွဲ့ (ပြည်ထောင်စုတရားလွှတ်တော်ချုပ်)တို့ကို ပိုင်းခြားကျင့်သုံးစေသည်။ အောက်ခြေအဖွဲ့အဆင့်ဆင့်သို့ခွဲဝေအပ်နှင်းသည်။ အဖွဲ့အချင်းချင်း အပြန်အလှန်ထိန်းကျောင်းစေသည်။ ယခုအခြေခံဥပဒေတွင် ဒီမိုကရေစီပိုင်ခွင့်များကိုလည်း အပြည့်အဝပေးထားသည်။

တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မကွေးတိုင်းအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအသင်းဝင်များအား တွေ့ဆုံ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဂန့်ဂေါမြို့နယ် မင်းရွာကျေးရွာ၌ ကျေးရွာ ၂၃ ရွာတို့မှ ဒေသခံပြည်သူများ၏ ပညာရေးဆိုင်ရာလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများအတွက် ငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၂၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏တို့သည် ဧပြီ ၂၃ ရက် ညပိုင်းတွင် မကွေးတိုင်း ဂန့်ဂေါမြို့ရှိ ဂန့်ဂေါခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများမှ အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

တွေ့ဆုံပွဲ အခမ်းအနားတွင် ဂန့်ဂေါခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်မြင့်နှင့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာတို့မှ အသင်းအတွင်းရေးမှူးများက ဒေသဖွံ့ဖြိုးရေးအတွက် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့က တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ် ညှိနှိုင်းဖြည့်ဆည်းပေးကြပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းဆွေးနွေးမှာကြားကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အသင်းဝင်များအတွက် ပံ့ပိုးငွေများ ပေးအပ်ချီးမြှင့်ပြီး အသင်းဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

(သတင်းစဉ်)

သံအမတ်ကြီး ဦးသောင်းထွန်း ဘယ်လ်ဂျီယံနိုင်ငံဘုရင်ထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဧပြီ ၃၀

ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသောင်းထွန်းသည် ၄င်း၏ ခန့်အပ်လွှာကို ၂၀၀၈ ခုနှစ် ဧပြီ ၉ ရက်တွင် ဘရပ်ဆဲလ်မြို့၌ ဘယ်လ်ဂျီယံနိုင်ငံ၏ ဘုရင် ဒုတိယမြောက် အဲလ်ဘတ် ဘုရင်မင်းမြတ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

(သတင်းစဉ်)

စိတ်ဝင်စားဖွယ် စက်ရုပ်သတင်းစုံလင်စွာဖြင့် ယခုတစ်ပတ် ရန်ကုန်တိုင်းမ်ဂျာနယ်ထွက်ရှိ

ရန်ကုန် ဧပြီ ၂၉

'အနာဂတ်နိုင်ငံတော်သစ်အတွက် လူ့စွမ်းအားအရင်းအမြစ် မရှိမဖြစ် အရေးပါဆုံး အချက်ဖြစ်သည့်အပေါ် ပညာရှင်များ၏ သုံးသပ်ချက်များ' အထူး အလေးပေး တင်ဆက်ထားသော ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၄) အမှတ်(၁၆) ယခုတစ်ပတ် ထွက်ရှိလာသည်။

ထို့အပြင် ပြည်သူများ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းနှင့် ဆန္ဒမဲပေးရမည့် ပုံစံများ သိရှိနားလည်စေရန် ဖော်ပြထားသည့်အချက်များ၊ ပြည်ပကုန်သွယ်မှုလွယ်ကူရန် စင်ကာပူဒေါ်လာနှင့် ယွမ်ငွေကို အဓိကငွေကြေးအဖြစ် သတ်မှတ်ရန် စီစဉ်နေ၊ ကိုရီးယားတွင် အလုပ်လုပ်ကိုင်လိုသူများ EPS စနစ်ဖြင့် အလုပ်လုပ်ရန် ကန်ဒေါ်လာ တစ်ထောင်ကုန်ကျမည်၊ နိုင်ငံပိုင်စက်ရုံများကို ပုဂ္ဂလိကသို့ ရောင်းချရာတွင် ကုန်ကြမ်းပေး ကုန်ချောယူစနစ်ဖြင့် ပူးပေါင်းလုပ်ကိုင်နေသည့် လုပ်ငန်းရှင်များကို ဦးစားပေးရောင်းချမည်၊ ကိုရီးယားမင်းသမီးပါသည့် 'အိပ်မက်ဆိုးမှမနိုးခင်' မြဝတီရုပ်သံတွင် ပြပြီ၊ 'အသက်မွေးဝမ်းကျောင်းပညာရပ်များအရေးပါလာ' စီးပွားသုံးသပ်၊ အရှေ့တောင်အာရှနိုင်ငံများ၊ စက်မှုနှင့်နည်းပညာဆိုင်ရာ အဆင့်မြင့်အသင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာစိန်မြင့်က ပထမဆုံးဂုဏ်ထူးဆောင် ပညာရှင်ဘွဲ့တံဆိပ် ဖိလစ်ပိုင်သမ္မတဟောင်း ဖီဒယ်ရာမို့အားချီးမြှင့်၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ 'ပြည်ပအလုပ်အကိုင်'အကြောင်း စသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာ နောက်ဆုံး စက်ရုပ်သတင်းများကိုပါ ထည့်သွင်းဖော်ပြထားသည်။

ဖြန့်ချိ

အသံတိတ်ဆူနာမီ ငတ်မွတ်ခေါင်းပါးဘေးအန္တရာယ် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က သတိပေး၊ အီတလီတွင် ဂျိမ်းစ်ဘွန်းဇာတ်ဝင်ခန်းရိုက်သည့်ကားရေကန်ထဲထိုးကျ၊ စွန့်ပစ်ထားသည့် မွေးကင်းစမိန်းကလေးတစ်ဦးအား ခွေးများက တွေ့ရှိ၊ အိုလံပစ်ပွဲတော်အား နိုင်ငံရေးနှင့်ရောထွေးမည်ကို ကုလအကြီးအကဲဆန့်ကျင်၊ တိုက်တန်းနစ်သင်္ဘောလက်မှတ်နှင့် အမှတ်တရပစ္စည်းများ လေလံတင်ရောင်းချ၊ **'လူသတ်မှုတွင် ပူပေါင်းကြံစည်မှုဖြင့် အကမယ်ဟောင်း ထောင်ဒဏ် ၉၉ နှစ်ကျ'** နိုင်ငံတကာမှုခင်းရေးရာ၊ **'ပြောရဦးမယ် သူတို့က ဒီလိုတဲ့'** နိုင်ငံတကာဖျော်ဖြေရေးကဏ္ဍသစ်၊ တန်းဆင်းဇုန်အတွင်းက အသင်းတွေ ရုန်းကန်ရဦးမယ့် ပရီမီယာလိဂ်ပွဲစဉ်(၃၇) အားကစားသုံးသပ် စသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေး၊ နည်းပညာ၊ အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိထားသည်။

(သတင်းစဉ်)

Mandalay FM ရေဒီယိုအထိမ်းအမှတ်တံဆိပ် Logo ပြိုင်ပွဲ ဆုရရှိသူများ စာရင်းထုတ်ပြန်ကြေညာ

ရန်ကုန် ဧပြီ ၂၉

Mandalay FM ရေဒီယိုအထိမ်းအမှတ် Logo ပြိုင်ပွဲ ဆုရရှိသူများစာရင်းကို ဧပြီ၂၇ရက်က မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV-4 မှ ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ရာ နှစ်သိမ့်ဆု(ပထမ)ကို ကျော်ခိုင် အမှတ်၂၃ ဒေါ်လှခင်လမ်း (၂)ရပ်ကွက် မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ကလည်းကောင်း၊ နှစ်သိမ့်ဆု(ဒုတိယ)ကို ချိုဇော်အောင် အမှတ်(50/A-3) အင်းလျားလမ်း ရန်ကုန်မြို့ကလည်းကောင်း၊ နှစ်သိမ့်ဆု(တတိယ)ကို ထွန်းနိုင်ဦး အမှတ်၂၀၅ လမ်း၄၀(အလယ်)မြေညီထပ် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ကလည်းကောင်း အသီးသီးရရှိကြကြောင်း သိရသည်။

(သတင်းစဉ်)

မျက်စိဝေဒနာရှင်များအား အခမဲ့ကွင်းဆင်းစမ်းသပ်ခွဲစိတ်ကုသမှုအောင်ပွဲ လားရှိုး၌ကျင်းပ

ရန်ကုန် ဧပြီ ၂၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်သော မျက်စိဝေဒနာရှင်များအား အခမဲ့ကွင်းဆင်း စမ်းသပ်ခွဲစိတ်ကုသမှုအောင်ပွဲ အခမ်းအနားကို ဧပြီ ၂၇ ရက် နံနက်ပိုင်းတွင် လားရှိုးမြို့ မြို့တော်ခန်းမ၌ကျင်းပသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်အောင်သန်းထွဋ်က နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ လှူဒါန်းငွေ

ရှင်းလင်းပြောကြား

မျက်စိခွဲစိတ်ပြီး လူနာများအား ဆောင်ရန်/ရှောင်ရန်အချက်များကို မျက်စိကုဆရာဝန်ကြီးများက ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ကျပ် ၁၀ သိန်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို) က လှူဒါန်းငွေကျပ် ၁၀သိန်း၊ မားသားထရိတ်ဒင်းကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်မြတ်က လှူဒါန်းငွေကျပ်သိန်း ၂၀၀၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) စေတနာရှင်ပြည်သူများက လားရှိုးမြို့ ပြည်သူ့ဆေးရုံကြီးသို့ မျက်စိအဏုကြည့်မှန်ပြောင်းတစ်လက် ဝယ်ယူရန် လှူဒါန်းငွေကျပ် ၃၆ သိန်း၊ ဓမ္မဒူတ အရှင်ဆေကိန္ဒ ဆရာတော်အမှူးပြု၍ ဒေါက်တာ ဒေါ်ခင်ခင်ရီ (ရှိုင်းဟုတ်ကုမ္ပဏီ)နှင့် ဓမ္မဒူတ တပည့် ဒါယကာ၊ ဒါယိကာမများ လှူဒါန်းငွေကျပ် သိန်း ၁၅၀၊ ဒေါက်တာစိုင်းမောက်ခန်း ဇနီး ဒေါ်နန်းရွှေမှုန် (ယူလီခဆေးခန်း)က မျက်မှန်အလက် ၅၀၀ အတွက် လှူဒါန်းငွေကျပ် လေးသိန်းနှင့် အာရှ မျက်စိအထူးကုဆေးခန်းက မျက်မှန်အလက် ၅၀၀အတွက် လှူဒါန်းငွေကျပ် ငါးသိန်းတို့ကို အသီးသီးပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံသည်။

ထောက်ပံ့ပေးအပ်

ဆက်လက်ပြီး ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးလဆိုင်းက မျက်စိဝေဒနာရှင်များအား အခမဲ့ မျက်စိကွင်းဆင်း ခွဲစိတ်ကုသခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မျက်စိ ခွဲစိတ်ကုသခဲ့သည့် ဝေဒနာရှင်များက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြပြီး တိုင်းမှူးနှင့် အလှူရှင်များက အလှူငွေ၊ မျက်မှန်နှင့် ဆေးဝါးများကို ဝေဒနာရှင်များအား ထောက်ပံ့ပေးအပ်ကြသည်။

စမ်းသပ်ကုသ

မျက်စိအခမဲ့ ကွင်းဆင်းခွဲစိတ်ကုသမှုအဖွဲ့ကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်က ကြီးကြပ်၍ မျက်စိအထူးကု ဆရာဝန်များဖြစ်ကြသော ဒေါက်တာသူဇာဟန်၊ ဒေါက်တာတင်မောင်စိုး၊ ဒေါက်တာညွန့်အောင်၊ ဒေါက်တာနီလာသိန်း၊ ဒေါက်တာစန္ဒာမြင့်၊ ဒေါက်တာအေးမြင့်ဦး၊ ဒေါက်တာနန်းအိရွှေစင်၊ ဒေါက်တာအောင်နေဦး၊ ဒေါက်တာချောဝေလွင်၊ ဒေါက်တာမိုးအေးလတ်၊ ဒေါက်တာယဉ်ကြည်ဦးနှင့် သူနာပြု ဆရာမ ခြောက်ဦးတို့ ပါဝင်ကြပြီး အဆိုပါအဖွဲ့နှင့်အတူ အထွေထွေရောဂါကုဆေးရုံ (လားရှိုး)မှ မျက်စိ အထူးကုဆရာဝန် ဒေါက်တာလှလှသန်းနှင့် ဒေါက်တာတင်မိုးကြည်တို့က ပူးပေါင်း၍ ဧပြီ ၂၃ ရက်မှ ၂၆ရက်အထိ အခမဲ့ မျက်စိခွဲစိတ်ကုသမှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြရာ လားရှိုးမြို့နှင့် အနီးပတ်ဝန်းကျင်မြို့နယ်များဖြစ်ကြသော ဟိုပန်၊ သိန်းနီ၊ ကွတ်ခိုင်၊ မူဆယ်၊ မိုင်းရယ်၊ တန့်ယန်း၊ နမ့်ခမ်း၊ ကျောက်မဲ၊ နမ္မတူ၊ သီပေါ၊ နောင်ချို၊ မိုင်းလုံ၊ နမ့်ဆန်၊ မိုင်းငေါ့၊ မဘိန်း စသည့် မြို့နယ်များမှ မျက်စိဝေဒနာရှင်ပေါင်း ၆၂၄၇ ဦးကို စမ်းသပ်ကုသပေးခဲ့ကြပြီး အတွင်းလူနာ တိမ် ၄၄၅ဦး၊ အသေးစားခွဲစိတ်ကုသမှု ၈၆ဦး၊ စုစုပေါင်း လူနာ ၅၃၁ဦးကို အခမဲ့ခွဲစိတ်ကုသပေးခဲ့ကာ မျက်မှန်ပါဝါ လိုအပ်သူ ၂၁၆၀ကို မျက်မှန်များ အခမဲ့ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မျက်စိဝေဒနာရှင်များအား မျက်စိဆရာဝန်ကြီးများ ခွဲစိတ်ကုသပေးကြစဉ်။ (သတင်းစဉ်)

အခြေခံစားကုန်ပစ္စည်းများ ဈေးကွက်များသို့ ပုံမှန်ဝင်ရောက် ကုန်စည်စီးဆင်းမှု မြန်ဆန်၍ ဈေးနှုန်းများတည်ငြိမ်

ကွင်းဆင်းလေ့လာမေးမြန်းသူ-မြင့်မောင်စိုး၊ ဓာတ်ပုံမှတ်တမ်းအောင်သန်း (မင်္ဂလာတောင်ညွန့်)

ရန်ကုန် ဧပြီ ၂၉

ယခုသီတင်းပတ်အတွင်း အခြေခံစားကုန်သတင်းများ လေ့လာမေးမြန်းတင်ပြနိုင်ရန် မြန်မာ့အလင်းသတင်းအဖွဲ့သည် သိမ်ဖြူဈေး၊ ချမ်းမြေ့ဈေး၊ ညောင်ပင်လေးဈေး၊ ဗဟိုစံပြငါးဈေးနှင့် သီရိမင်္ဂလာဈေးများသို့ ရောက်ရှိခဲ့သည်။

ဦးစွာ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူဈေးကြီးသို့ ရောက်ရှိခဲ့သည်။ မုတ်သုံဝင်နေချိန်ဖြစ်၍ မိုးများတဖွဲဖွဲရွာသွန်းနေသော်လည်း ဈေးသည် ဈေးဝယ်များ ကြိတ်ကြိတ်တိုးစည်ကားနေသည်ကို တွေ့ရသည်။

ယင်းဈေးကြီးတွင် အာလူးနှင့် ကြက်သွန်အိတ်များ အထပ်ထပ်ပုံချရောင်းနေသော ဆိုင်တစ်ဆိုင်ကို တွေ့ရသည်။ ကြက်သွန်နီများ နေပြည်တော်တပ်ကုန်းမှ ဝင်ရောက်လာကြောင်း၊ ကြက်သွန်နီ တစ်ပိဿာလျှင် ကျပ် ၂၅၀၊ ၃၀၀ နှင့် ၃၂၅ ကျပ်တို့ဖြင့် လက်လီလက်ကားရောင်းချပေးနေကြောင်း ၎င်းဆိုင်မှ ကုန်သည်တစ်ဦးက မြန်မာ့အလင်းသို့ ပြောကြားသည်။

အာလူးများမှာလည်း နေပြည်တော်တပ်ကုန်းမှပင် ထွက်ရှိကြောင်း၊ တစ်ပိဿာလျှင် ကျပ် ၂၀၀ မှ ၄၀၀ အထိ အကြီးအသေးပေါ်လိုက်၍ ရောင်းချကြောင်း စုံစမ်းသိရှိရသည်။

ဆန်ဈေးနှုန်း

ဆန်ဈေးနှုန်းသည် ယခုသီတင်းပတ်အတွင်း ယခင်ထက်ပိုပြီး ဆန်အိတ်များ ရန်ကုန်မြို့သို့ ဝင်ရောက်လာကြောင်း၊ သင်္ကြန်မတိုင်မီက ဆန်အိတ်ငါးသောင်းခန့် ဝင်ရောက်နေရာမှ သင်္ကြန်ပြီးနောက်ပိုင်း ဆန်အိတ်ပေါင်း ငါးသောင်းခွဲခန့် ဝင်ရောက်လာကြောင်း မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းမှ တာဝန်ရှိသူတစ်ဦးက မြန်မာ့အလင်းသို့ ပြောကြားခဲ့သည်။

သိမ်ဖြူဈေး၌ လက်လီရောင်းချနေသော ဆန်ဈေးနှုန်းမှာ ဆန်ကြမ်းတစ်အိတ်လျှင် ကျပ်၁၅၀၀၀ရှိသည်။ တစ်ပြည်ချင်းဈေးမှာ ကျပ် ၆၅၀ဖြင့်ရောင်းချနေသည်။

ဆန်ချောဈေးမှာ တစ်အိတ် ၂၈၀၀၀ ရှိသည်။ တစ်ပြည်ချင်းကျပ် ၁၀၀၀၊ ၁၁၀၀ သာဈေးရှိသည်။ ဆန်ဈေးမှာ လွန်ခဲ့သောသီတင်းပတ်တွင်လည်း ၎င်းဈေးသာဖြစ်၍ ဈေးနှုန်းတည်ငြိမ်နေသည်။

ညောင်ပင်လေးဈေးတွင် ဈေးနှုန်းအနိမ့်ဆုံးဆန်တစ်အိတ်လျှင် ကျပ်၁၅၀၀၀ဝန်းကျင်ရှိပြီး အမြင့်ဆုံးဆန်ဈေးမှာ တစ်အိတ်လျှင် ကျပ်၂၆၅၀၀ ဈေးပေါက်သည်။

ဆီဈေးနှုန်း

ညောင်ပင်လေး ဈေးတွင် ဆီကို ဘူးဖြင့် ကုမ္ပဏီများကထုပ်ပိုးရောင်းချလျက်ရှိသည်။ ထိုဈေးကြီးတွင် ရွှေပဲဆီသန့်၊ ရန်ကုန်ပဲဆီသန့်၊ ရောဝတီမြေပဲဆီ စသော ဆီထုပ်ပိုးရောင်းချသော ကုမ္ပဏီများက တစ်ပိဿာဘူး တစ်ဘူးလျှင် ကျပ် ၄၅၀၀ ဈေးဖြင့် လက်လီလက်ကားဖြန့်ဖြူးရောင်းချလျက်ရှိသည်။

ယင်းဈေးကြီးတွင် ရွှေဝါဆပ်ပြာ အတောင့် ၈၀ပါ ဂျပ်ဖာတစ်ဖာလျှင် ကျပ် ၁၅၀၀၀၊ ပင်းတယထွက်လက်ဖက်ခြောက် တစ်ပိဿာလျှင် ကျပ် ၈၀၀၀မှ ၁၀၀၀၀ ဈေးရှိပြီး အနည်းဆုံးလက်ဖက်ခြောက်ဈေးနှုန်းမှာ ကျပ် ၃၀၀၀ဈေးရှိသည်။

ထို့အပြင် ငရုတ်သီးမှုန့်တစ်ပိဿာ ကျပ် ၁၈၀၀မှ ၂၆၀၀ဈေးရှိသည်။ မန်ကျီးသီးမှည့်ဈေးမှာ ကျပ် ၉၀၀မှ ၁၀၀၀ရှိသည်။ သကြားဈေးမှာ ကျပ် ၇၅၀မှ ၈၀၀ဖြစ်သည်။ ယင်းဈေးကြီး၌ ပုစွန်ခြောက် တစ်ပိဿာကျပ် ၉၀၀၀၊ ကျပ် ၁၂၀၀၀၊ ကျပ် ၁၃၀၀၀နှင့် ကျပ် ၁၅၀၀၀ အထိ အစားစားရှိသည်။

နေ့စဉ်ဝင်

ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြငါးဈေးကြီးသို့ ငါးမျိုးစုံပိဿာချိန် တစ်သိန်းလေးသောင်းကျော် နေ့စဉ်ဝင်ရောက်လျက်ရှိ၍ ငါးဈေးနှုန်းမှာလည်း အတက်အကျမရှိ ပုံမှန်ဈေးဖြစ်နေသည်။

သိမ်ဖြူဈေးကြီးတွင် ငါးဘဲဖြူ သုံးဆယ်သား ကျပ် ၅၀၀၊ ငါးပုဏ္ဏား သုံးဆယ်သား ကျပ် ၁၀၀၀၊ ငါးဖယ်ခြစ် တစ်ဆယ်သား ကျပ် ၅၀၀၊ ငါးကြင်း တစ်ပိဿာ ကျပ် ၂၈၀၀ ဈေးရှိသည်။

ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြဈေးကြီးတွင် သင်္ကြန်ကာလအတွင်း ငါးအဝင်နည်းခဲ့သော်လည်း ယခုအခါမှာ ငါးမျိုးစုံ ပုံမှန်ဝင်ရောက်နေကြောင်း၊ ကုန်စည်စီးဆင်းမှုမှာ ပုံမှန်လည်ပတ်လျက် ရောင်းဝယ်ဖောက်ကားနေပြီဖြစ်ကြောင်း၊ အလေးချိန်တိကျမှန်ကန်ရေးအတွက် ဒီဂျစ်တယ်ချိန်တွယ်စက်များဖြင့် ရောင်းချပေးနေကြောင်း ဗဟိုစံပြငါးဈေးကြီး ဈေးသာယာရေး ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းစိန်က မြန်မာ့အလင်းသို့ ပြောကြားသည်။

သီရိမင်္ဂလာဈေးကြီးတွင် သရက်သီးမှည့်များ ရောင်းဝယ်ဖောက်ကားလျက်ရှိသည်ကို ဤသို့ တွေ့ခဲ့ရသည်။

မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူဈေးကြီး ကြက်သွန်နီအရောင်းဒိုင်၌ ကြက်သွန်နီအိတ်များ ရောင်းချရန် ပြင်ဆင်ခင်းကျင်းနေသည်ကို တွေ့ရစဉ်။

သားငါးဈေး

အခြားသော သားငါးဈေးမှာ အမဲသားတစ်ပိဿာ ကျပ် ၄၅၀၀မှ ၄၈၀၀ဈေးရှိပြီး ဝက်တစ်ပိဿာ ကျပ် ၆၀၀၀၊ ကြက်သားတစ်ပိဿာ ကျပ် ၅၀၀၀ဖြင့် ဗိုလ်တထောင်မြို့နယ် ချမ်းမြေ့ဈေးကြီး၌ရောင်းချလျက်ရှိသည်။ ယင်းဈေးကြီးတွင်ဘဲဥ၊ကြက်ဥဈေးမှာ တစ်လုံးကျပ်၁၀၀မှ ၁၁၀ဈေးရှိသည်။

ငှက်ပျောသီးဈေး

သင်္ကြန်ပြီးနောက်ပိုင်း ကြည့်မြင်တိုင်မြို့နယ် ဗားကရာငှက်ပျောသီးဈေးသို့ ငှက်ပျောသီးများ အလုံးအရင်းဖြင့် ဝင်ရောက်လာသည်။ ငှက်ပျောသီးများကို ဧရာဝတီတိုင်းမှ ကျုံပျော်၊ ပန်းတနော်မြို့နယ်များမှ နေ့စဉ်ဝင်ရောက်နေကြောင်း၊ ကျုံပျော်မှ ငှက်ပျောသီးများ စက်လှေဖြင့် ဝင်ရောက်ပြီး ပန်းတနော်မှ ကားများဖြင့် ဝင်ရောက်နေကြောင်း၊နေ့စဉ်ငှက်ပျောသီးခိုင် ၆၀၀၀မှ ၁၀၀၀၀အထိ ဝင်ရောက်နေကြောင်း မိဘမေတ္တာငှက်ပျောသီးရောင်းဝယ်ရေးမှ ဦးအောင်ခိုင်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

ငှက်ပျောသီးဈေးမှာ ခွံဝါ တစ်ဖီးလျှင် အကြီး ကျပ် ၉၀၀၊ ကျပ်၁၀၀၀၊ အလတ် ကျပ် ၅၀၀မှ ၆၀၀၊ အသေး ကျပ်၂၀၀မှ ၃၀၀ ဈေးရှိသည်။ ဖီးကြမ်းဈေးမှာတစ်ဖီးလျှင် အကြီး ကျပ် ၇၀၀မှ ၈၀၀၊ အလတ် ကျပ်၄၀၀မှ ၅၀၀၊ အသေး ကျပ် ၂၅၀ဈေးရှိသည်။ ရွှေငှက်ပျောသီးမှာမအူပင်မြို့နယ်မှထွက်ပြီးတစ်ဖီးလျှင်ကျပ် ၁၀၀၀မှ ကျပ် ၁၅၀၀၊ အလတ် ကျပ် ၆၀၀မှ ကျပ်၈၀၀၊ အသေး ကျပ် ၃၀၀ဈေးရှိသည်။

ယင်းငှက်ပျောသီး ဈေးကြီးမှ ရန်ကုန်တိုင်းရှိ ဈေးပေါင်းစုံနှင့် သန်လျင်၊ ကျောက်တန်းတို့အပြင် ပဲခူးနှင့်မော်လမြိုင်အထိ ငှက်ပျောသီးများ လက်ကားဖြန့်ဖြူးရောင်းချပေးနေကြောင်း သိရသည်။

သရက်သီးမှည့်

သီရိမင်္ဂလာဈေးကြီးတွင် ဒူးရင်းသီး၊ စပျစ်သီး၊ တညင်းသီးများ လှိုင်လှိုင်ဝင်လာပြီး သရက်သီးမှည့်များ စတင်ဝင်ရောက်လာသည်။ ယင်းဈေးကြီးတွင် ကရင်ပြည်နယ်မှထွက်သော ဒူးရင်းသီး တစ်လုံးလျှင် ကျပ် ၉၀၀မှ၁၀၀၀ ဈေးရှိပြီး မော်လမြိုင်မှထွက်သော ဒူးရင်းသီးမှာ ကျပ် ၁၅၀၀ရှိသည်။

မိတ္ထီလာမြို့နယ် တစ်ပိုက်မှ ထွက်သော စပျစ်သီးညိုများမှာ ယင်းဈေးကြီး၌ လေးပိဿာ ဂျပ်ဖာတစ်လုံးလျှင် ကျပ် ၄၅၀၀၊ အစိမ်းရောင် စပျစ်သီးများမှာ ဂျပ်ဖာတစ်လုံးလျှင်ကျပ် ၂၅၀၀ ဈေးရှိသည်။

သီရိမင်္ဂလာဈေးကြီးသို့ တညင်းသီးများလည်း လှိုင်လှိုင်ဝင်လာသည်။ တစ်တင်းလျှင် ကျပ် ၂၂၀၀ဈေးရှိသည်။ ၎င်းဈေးကြီးတွင် သရက်သီးမှည့်များ စတင်ဝင်ရောက်လျက်ရှိရာ မချစ်စုအမှည့် တစ်လုံးလျှင် ကျပ် ၂၀၀၊ကျပ် ၃၀၀ဈေးရှိပြီး ရင်ကွဲသီးမှာ ကျပ်၇၀ဈေးရှိသည်။ယင်းဈေးကြီးသို့နေ့စဉ် အလုံးတစ်ရာပါ သရက်သီးတောင်း ၅၀၀မှ ၆၀၀အထိ ဝင်ရောက်လျက်ရှိသည်။

ယခုသီတင်းပတ် အခြေခံစားကုန်များ ဈေးနှုန်းအခြေအနေမှာ ဆန်ဈေး၊ ဆီဈေး၊ သားငါးဈေးများ တည်ငြိမ်လျက်ရှိပြီး ရာသီကုန် သစ်သီးဝလံများ ဖြိုင်ဖြိုင်ဝင်ရောက်လျက်ရှိပါကြောင်း ကွင်းဆင်းလေ့လာမေးမြန်းရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ဒူးရင်းသီး

ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ ထွက်ရှိသော ဒူးရင်းသီးများကို သီရိမင်္ဂလာဈေးကြီး၌ ရောင်းချနေသည်မှာ ဒူးရင်းသီးကြိုက်သူများအတွက် သတင်းကောင်းပင်ဖြစ်သည်။

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

ဆီးသီးစားခြင်းဖြင့် ဦးနှောက်ဆဲလ်များ ပျက်စီးမှုကာကွယ်နိုင်

ဆီးသီးသည် အမျိုးအစားများစွာရှိသည်။ သို့သော် ဆီးသီးတွင် ပါဝင်သောဓာတ်များမှာ အတူတူပင်ဖြစ်သည်။ အချို့ဆီးသီး၏ အရသာမှာ ချိုသည်။ အချို့မှာ ချဉ်သည့် အရသာလည်းရှိပြီး အနည်းငယ်ဖန်သည်။ ဆီးသီးလှိုင်လှိုင်ပေါသောအချိန်မှာ နှစ်စဉ် မေနှင့် ဩဂုတ်လအကြား၌ ဖြစ်သည်။

ပါဝင်

ဆီးသီးတွင် ဗီတာမင်စီ၊ ဗီတာမင်အေ၊ အမျှင်ဓာတ်၊ ဗီတာမင်ဘီ-၂၊ ပိုတက်ဆီယမ်နှင့် ကယ်လိုရီဓာတ်များပါဝင်သည်။ ဆီးသီးတွင် အများဆုံးပါဝင်သည့်ဓာတ်မှာ ဗီတာမင်စီဖြစ်ပြီး ကျန်ဓာတ်ပစ္စည်းများမှာ အနည်းငယ်သာပါဝင်သည်။

ဆီးသီးကို သီတင်းတစ်ပတ်လျှင် ၁၀ လုံးခန့် စားသွားပါက အသက်အရွယ်ကြီးရင့်လာလျှင် ဦးနှောက်ဉာဏ်ရည်ဖွံ့ဖြိုးမှုကို အားပေးသည့်အပြင် ဦးနှောက်အတွင်းရှိ ဆဲလ်များပျက်စီးမှုကို အကာအကွယ်ပေးနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

ထောက်ကူ

ထို့အပြင် ဆီးသီးကို ပုံမှန်စားသုံးသွားခြင်းကြောင့် သွေးအတွင်းကိုလက်စထရော ကျဆင်းမှုကို အထောက်အကူပေးနိုင်သည်။ တစ်ဖန် အစာချေဖျက်မှုစနစ် ကောင်းမွန်ရေးအတွက်လည်း အထောက်အကူပြုသဖြင့် အစာအိမ်ကင်ဆာများ မဖြစ်ပွားနိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။

စာအုပ်က လူကိုပြုပြင်ပါတယ်

ရန်ကုန် ဧပြီ ၂၉

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်(ချစ်နိုင်-စိတ်ပညာ) ရေးသားသည့် စာအုပ်က လူကိုပြုပြင်ပါတယ် စာအုပ်ထွက်ရှိသည်။**(ယာပုံ)**

အဆိုပါစာအုပ်သည် ဆရာချစ်နိုင် (စိတ်ပညာ)၏ (၇၄)အုပ်မြောက် စာအုပ်ဖြစ်ပြီး လူငယ်များ စိတ်အားတက်စရာ ပညာပေးဆောင်းပါး ၁၈ ပုဒ်ကို ပေးစာပုံစံဖြင့် စုစည်း တင်ပြထားပါသည်။ နိုင်စာပေ အမှတ်၂၂ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ တယ်လီဖုန်းအမှတ်-၀၁-၂၅၄၂၇၀က ထုတ်ဝေဖြန့်ချိပြီး တန်ဖိုး ကျပ်၁၀၀၀ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ဓမ္မဗျူဟာ အဘိဓမ္မာသင်တန်းများဖွင့်မည်

ရန်ကုန် ဧပြီ ၂၉

ဓမ္မဗျူဟာ သာသန မာမကအဖွဲ့ လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း၏ စာမေးပွဲဝင်သင်တန်းများအဖြစ် အဘိဓမ္မာ၊ အဘိဓမ္မာ(ဂုဏ်ထူးဆောင်)နှင့် ဝိသုဒ္ဓိမဂ် သင်တန်းများကို ဗဟန်းမြို့နယ် ရွှေတိဂုံအရှေ့ဘက်မုခ်အနီး အမှတ် ၆ ကြားတောရလမ်းရှိအဆိုပါသင်တန်းကျောင်းတွင် မေ၃ရက်မှ စတင်ဖွင့်လှစ်မည်ဖြစ်သည်။

ဝိသုဒ္ဓိမဂ် သင်တန်းများကို နံနက် ၇နာရီမှ ၁၁နာရီခွဲအထိ၊ အဘိဓမ္မာနှင့် အဘိဓမ္မာ(ဂုဏ်ထူးဆောင်) သင်တန်းများကို မွန်းတည့် ၁၂နာရီမှ ညနေ ၅နာရီခွဲအထိ၊ စနေ၊တနင်္ဂနွေနေ့တိုင်း သင်တန်းမှူး ဓမ္မဗျူဟာဒေါ်ခင်လှတင်(မဟာသဒ္ဓမ္မဇောတိကဓဇ)က ဦးစီး၍ ဓမ္မဒါနပို့ချသွားမည်ဖြစ်ရာ သင်တန်းတက်လိုသူများသည် ဖုန်း-၃၈၀၈၈၀သို့ ဆက်သွယ်စုံစမ်း တက်ရောက်နိုင်ကြောင်း သိရသည်။ **(က-ပ)**

KMD Computer Centre
Special Effect
(Duration 50 Hours)

ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၀၈ ခုနှစ် မေလ ၁ ရက် (ကြာသပတေးနေ့)သည် ကမ္ဘာ့အလုပ်သမားနေ့ အများပြည်သူအလုပ်ပိတ်ရက်ဖြစ်ပါသဖြင့် ၎င်းနေ့တွင် ဘဏ်အားလုံး ပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။ **မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

မွေးသက္ကရာဇ်အမှန်

(အဖ) ဦးကျော်ထိုက်၏သား အလက(၅) ရန်ကင်း စတုတ္ထတန်း (A)မှ မောင်အာကာဖြိုး၏ မွေးသက္ကရာဇ်အမှန်မှာ ၁၆-၉-၁၉၉၈ ဖြစ်ပါကြောင်း။

ပန်းပင်များပျိုးထောင်မှု

ရန်ကုန် မေ ၂၉

တောင်ငူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ကန်တော်ကြီးပန်း ဥယျာဉ်အတွင်း ပန်းအလှပင်များ ပျိုးထောင်ထားရှိမှုနှင့် မြေယာရှင်းအလှ ဆောင်ရွက် ထားရှိမှုများကို မေ ၁၀ရက်က အမှုဆောင်အရာရှိ ဦးထွန်းဇော်ချစ် ကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်တင်ငွေဝင်းနှင့်ဦးအောင်သူဝင်းတို့က ရှင်းလင်းတင်ပြကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

မဟာကျောင်းတော်
အဆင့်မြင့်စခန်းသွင်းဘော်ဒါဆောင်
အဆင့်မြင့်စာသင်/တာကျော်ပိုင်း(၂၀၀၈-၂၀၀၉)ပညာသင်နှစ်
(၇)တန်း။ (၈)တန်း။ (၉)တန်း။ (၁၀)တန်း-တက္ကသိုလ်ဝင်တန်း
095142320 ☎ 01-546626, 299963, 540911,

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ကချင်ပြည်နယ်၊မြစ်ကြီးနားမြို့နေ
ဦးဝင်းဖေ(ပညာရေးမှူး၊ငြိမ်း)-ဒေါ်စန်းစန်းဝင်း(SAT ငြိမ်း)တို့၏တစ်ဦးတည်းသောသား
ဗိုလ်ကြီးညီဇွဲမာန်(ငြိမ်း)
B.C.Sc. (D.S.A)
လက်ထောက်အင်ဂျင်နီယာ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
နှင့်
ရန်ကုန်မြို့၊မရမ်းကုန်းမြို့နယ်နေ
ဦးသိန်းဆွေ(ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း)-ဒေါ်အေးသန္တာတို့၏သမီးကြီး
မအေးသီရိသိန်းဆွေ
B.Com (Y.I.E),B.C.Sc(UCSY)
Dip in CHAT Communication in English (Inter-2)
တို့သည် ၂၇-၄-၂၀၀၈ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးညီဇွဲမာန်(ငြိမ်း)-မအေးသီရိသိန်းဆွေ။

မြန်မာပြည်အလွတ်တန်းလက်ဝှေ့ချန်ပီယံလုံးချောနှင့်တစ်ခဏတာ

အမေး/အရေး - မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ - တင်စိုး (မြန်မာ့လင်း)

ရန်ကုန် မေ ၂၉

ရိုးရာလက်ဝှေ့ဟာ မြန်မာလူမျိုးတွေ နှစ်သက်အားပေးကြတဲ့ အားကစားတစ်မျိုးလည်းဖြစ်ပြီး ရှေးနှစ်ပေါင်းများစွာကတည်းက ကျင်းပလာခဲ့တာ အခုအချိန်အထိ ဖြစ်ပါတယ်။ ဒီလိုမပြတ်တမ်း ကျင်းပလာခဲ့တာမို့ သူ့ခေတ် သူ့အချိန်မှာ အောင်မြင်ကျော်ကြားတဲ့ မြန်မာ့ရိုးရာလက်ဝှေ့အကျော်အမော်တွေ ပေါ်ထွက်ခဲ့တာချည်းဖြစ်ပါတယ်။

"လေ့ကျင့်မှု အားနည်းလို့ သရေပွဲအဖြစ် များခဲ့တာပါ"

လုံးချော
မြန်မာပြည်
အလွတ်တန်း
လက်ဝှေ့
ချန်ပီယံ

အခုအချိန်မှာ မြန်မာပြည် အလွတ်တန်းချန်ပီယံဖြစ်နေသူကတော့ လုံးချော(ညောင်တုန်း)ဖြစ်ပြီး လက်ရှိအနေအထားမှာ သူ့ကို အနိုင်ထိုးသတ်နိုင်တဲ့ လက်ဝှေ့သမား မထွက်ပေါ်သေးပါဘူး။ ဒါပေမယ့် လုံးချော(ညောင်တုန်း)ဟာ သူ့ကို စိန်ခေါ်ထိုးသတ်တဲ့ လက်ဝှေ့သမား အတော်များများကို သရေပွဲတွေချည်းသာ အများအားဖြင့် ထိုးသတ်နိုင်ခဲ့တာမို့ လက်ဝှေ့ဝါသနာရှင်တွေ အားမလိုအားမရ ဖြစ်နေခဲ့ပါတယ်။

ဒါကြောင့် မြန်မာပြည် အလွတ်တန်းထပ်ဆင့်ချန်ပီယံ လုံးချောနဲ့တွေ့ပြီး ထိုးသတ်ခဲ့တဲ့လက်ဝှေ့ပွဲတွေနဲ့ပတ်သက်လို့ တွေ့ဆုံမေးမြန်းခဲ့ပါတယ်။

မေး ။ ။ပြီးခဲ့တဲ့ရက်တွေမှာ ပွဲတွေအတော်များများ ထိုးဖြစ်ခဲ့တယ်နော်။

လုံးချော ။ ။ဟုတ်တယ်။ ပွဲတွေအတော်လေး ထိုးဖြစ်ပါတယ်။ စိန်ခေါ်လာတဲ့သူတွေရှိတော့ ပွဲတွေ ထိုးဖြစ်တာလည်း ပါဝင်ပါတယ်။

မေး ။ ။ပွဲတွေထိုးတိုင်း သရေပွဲတွေများတဲ့အပေါ် ပြောပြပေးပါဦး။

လုံးချော ။ ။ကျွန်တော်လေ့ကျင့်မှုအားနည်းလို့ အဓိက အချက်ဖြစ်ပါတယ်။နောက်ပြီး ပွဲဆက်တွေ များနေတာလည်း ပါတယ်။

မေး ။ ။ပရိသတ်တွေကတော့ အနိုင်အရှုံး ပြတ်ပြတ်သားသားဖြစ်တဲ့ပွဲတွေ ကြည့်ချင်နေကြတယ်။

လုံးချော ။ ။လက်ဝှေ့ထိုးတာ တစ်ချက်လေးမှားတာနဲ့ ရှုံးသွားနိုင်ပါတယ်။ ကျွန်တော်ထိုးခဲ့တဲ့ ပြိုင်ဘက်တွေ တစ်ဦးချင်း လက်ဝှေ့အရည်အသွေး မြင့်ကြတဲ့သူတွေပါ။ တစ်ယောက်နဲ့ တစ်ယောက် ထိုးသတ်ကြပုံလည်း မတူကြပါဘူး။ သူ့ပညာ သူ့ထိုးလုံးထိုးကွက်တွေ ကောင်းကြတာမို့ အရှုံးအနိုင်ဆိုတာ ဘယ်လိုမှ ခန့်မှန်းလို့ မရနိုင်ပါဘူး။

မေး ။ ။ပြီးခဲ့တဲ့ ဝင်းထွန်းနဲ့ထိုးသတ်ခဲ့တဲ့ပွဲအပေါ် ပြောပြပါဦး။

လုံးချော ။ ။ဝင်းထွန်းက ပါးပါးနပ်နပ်နဲ့ ထိုးသတ်တတ်တဲ့ လက်ဝှေ့သမားကောင်း တစ်ဦးပါ။ အတွေ့အကြုံလည်း အများကြီးရှိတဲ့အပြင် ဝိတ်တန်းအလိုက် ချန်ပီယံဆုတွေ ရရှိထားသူဖြစ်တာမို့ သတိထားပြီး ထိုးသတ်ရပါတယ်။ ကျွန်တော် အင်အားပြည့် ထိုးသတ်ခဲ့ပေမယ့် ထင်တိုင်း မပေါက်ခဲ့ပါဘူး။

မေး ။ ။ပြိုင်ဘက်ကောင်းတွေဆိုရင် ဘယ်သူတွေဖြစ်မလဲ။

လုံးချော ။ ။ကျွန်တော့်ကိုစိန်ခေါ်ထိုးသတ်တဲ့သူတိုင်းဟာ ကျွန်တော့်ရဲ့ ပြိုင်ဘက် ကောင်းတွေချည်းပါပဲ။ အထူးသဖြင့် ဈာန်ထူး၊ ရွှေဆိုင်း၊ ဝင်းထွန်း၊ စောငမန်း၊ ရှမ်းလေးသွေး စတဲ့ လက်ဝှေ့သမားတွေကလည်း ပြိုင်ဘက်ကောင်းတွေပါ။

မေး ။ ။သရေပွဲတွေဖြစ်ခဲ့တာ ဘယ်နှစ်ပွဲလောက်ရှိပြီလဲ။

လုံးချော ။ ။စုစုပေါင်း ခုနစ်ပွဲလောက်ရှိပြီထင်ပါတယ်။ ပွဲတိုင်းအားထည့်ပြီး အပြတ်အသတ်ထိုးခဲ့ပေမယ့် သရေပွဲတွေဖြစ်ခဲ့တာပါ။

မေး ။ ။ရှုံးပွဲတွေရှိခဲ့ဖူးလား။

လုံးချော ။ ။ကျွန်တော် ပထမတန်းရောက်မှ စောငမန်းနဲ့ ဝမ်ချိုင်းတို့ကို တစ်ပွဲစီ ရှုံးခဲ့ဖူးပါတယ်။ နောက်ပိုင်းပွဲတွေမှာ သူတို့နှစ်ဦးစလုံးကို အနိုင်ထိုးနိုင်ခဲ့ပါတယ်။

ကယ်လ်ဆမ်မျှော်စင်ကျွန်းမှစိန်ခေါ်သံ(၈)ပွဲစဉ် အဖြစ် ဧပြီ ၂၅ရက်က ထိုးသတ်ခဲ့သည့်ပွဲ၌ ဝင်းထွန်း (ယာ)၏ ညာခြေကန်ချက်ကို လုံးချောက ဘယ်လက်ဖြင့်ကာပြီး ဤသို့ ထိုးသတ်ရန် ကြိုးစားခဲ့သည်။

မေး ။ ။လက်ဝှေ့ပွဲတွေ ဆက်ထိုးဖြစ်နေဦးမှာလား။

လုံးချော ။ ။အခု ဝင်းထွန်းနဲ့ပွဲပြီးစမို့ အနားယူနေပါတယ်။ နောက်ပိုင်း ပုံမှန်လေ့ကျင့်မှု ပြန်လုပ်ပြီး လက်ဝှေ့ပွဲတွေ ဆက်ထိုးဖြစ်မှာပါ။

အရပ်အမောင်းမြင့်မားပြီး လက်ဝှေ့ထိုးသတ်မှု အတွေ့အကြုံများလာသော လုံးချောမှာ နောက်ပွဲများ ထိုးသတ်အနိုင်ယူသွားရန် အားမာန်အပြည့် ရှိနေသဲဖြစ်ပါကြောင်း တွေ့ဆုံမေးမြန်း ဖော်ပြလိုက်ပါတယ်။ ။ **(မြန်မာ့အလင်း)**

ထွန်းဖောင်ဒေးရှင်းဘဏ် ပညာပေးအစီအစဉ် ဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် မေ ၂၉

ထွန်းဖောင်ဒေးရှင်းဘဏ်၏ ပညာပေးအစီအစဉ်အဖြစ် Subprime Mortgage Crisis, An International Experience in Credit Risk Management ဘာသာရပ်ကို မေ ၃ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အမှတ် ၂ စည်ပင်လမ်းရှိ မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံ၌ ပထမပုဂ္ဂလိကဘဏ်ဥက္ကဋ္ဌ ဒေါက်တာစိန်မောင်က ဟောပြောမည်ဖြစ်ရာ မည်သူမဆို တက်ရောက်လေ့လာ ဆွေးနွေးနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆိုင်ကလုန်းမုန်တိုင်းကြောင့် မိုးသက်လေပြင်းတိုက်ခတ်နိုင်

နေပြည်တော် ဧပြီ ၂၉

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသည့် ဆိုင်ကလုန်းမုန်တိုင်းကြီး နာဂီသည် ဖြည်းညင်းစွာ ရွေ့လျားခဲ့ပြီး ကိုကိုးကျွန်းမြို့၏ အနောက်ဘက် မိုင်၅၄၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါအားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းကြီးသည် ကနဦးအစတွင် မြောက်ဘက်သို့ဆက်လက်ရွေ့လျားပြီး နောက်ပိုင်းတွင် အရှေ့မြောက်ဘက်သို့ကွေ့၍ ဆက်လက်ရွေ့လျားသွားမည်ဟုခန့်မှန်းရသည်။

လှိုင်းကြီးနိုင်

မုန်တိုင်း၏ အရှိန်ကြောင့် ယနေ့ မွန်းလွဲမှ နောက် ၄၈ နာရီအတွင်း ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲမှနေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်၊ တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင်တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းများကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်မှ မိုင် ၅၀ အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီတွင် ငါးဖမ်းဆီးခြင်းမပြုရန် ပညာပေးနှိုးဆော်ချက်

"ငါးရစ်ငါးသန်ဘေးမဲ့ချန်၊ ပုံမှန်စားသုံး မျိုးမသုန်း"

၁။ မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်ချောင်း အင်းအိုင် အနှံ့အပြား၌ ဥများဖြင့်ပြည့်နေသော ငါးမကြီးများနှင့် မျိုးရည်ပြည့်ဝသော ငါးထီးကြီးများသည် ဥချရန်နေရာရှာဖွေ၍ ငါးရစ်တက်ကြပါသည်။

၂။ ထိုငါးရစ်ငါးများကို ဖမ်းဆီးလိုက်ပါက ပေါက်ဖွားလာမည့် သန်းပေါင်းများစွာသော နုနယ်လှသည့် ငါးသားပေါက်လေးများသည်လည်း သေကျေပျက်စီးကာ တစ်နိုင်ငံလုံး ဖူလုံစွာစားသုံးမှုနှင့် အမျိုးသားစီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူ မပြုနိုင်တော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်ပါသည်။

၃။ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ်(၂/၉၂)ဖြင့် ငါးရစ်၊ ငါးသန်ရာသီချိန်များတွင် ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး ငါးများဖမ်းဆီးခြင်း မပြုရန် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ရေချိုငါးလုပ်ငန်း ဥပဒေပုဒ်မ ၄၅အရ ဖမ်းဆီးတရားစွဲဆို အပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားပါသည်။

၄။ သို့ပါ၍ ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီအချိန်များတွင် လွတ်လပ်စွာ ဥချသားပေါက်နိုင်ရန် ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြပါရန် နှိုးဆော် အပ်ပါသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန။

မိုးကြိုဂုန်လျှော်၊ ချည်ပေါင်လျှော် စိုက်ပျိုးရေး နှိုးဆော်ချက်

၁။ စိုက်ပျိုးရာသီချိန်အမီစိုက်ပျိုးပါ။ မိုးကြိုဂုန်လျှော်ကို ဖေဖော်ဝါရီလလယ်မှ ဧပြီလကုန်အထိလည်းကောင်း၊ မိုးကြိုချည်ပေါင် လျှော်ကို မတ်လလယ်မှ ဧပြီလကုန်အထိလည်းကောင်း အပြီးစိုက်ပျိုးပါ။
၂။ ထယ်ရေးနက်နက်နှင့် ထွန်ရေးညက်ညက်ရအောင် ဆောင်ရွက်ပါ။
၃။ မြေခံမြေဩဇာကို မဖြစ်မနေထည့်သွင်းသုံးစွဲပါ။ မြေခံမြေဩဇာအဖြစ် တစ်ဧကလျှင် သဘာဝမြေဩဇာ လှည်းငါးစီးမှ၁၀စီး အထိလည်းကောင်း၊ ယူရီးယား ဓာတ်မြေဩဇာ အနည်းဆုံး ၂၅ကီလိုနှင့်ပိုတက်ရှ်မြေဩဇာ ၁၂ဒသမ၅ကီလို ထည့်သွင်းသုံးစွဲပါ။
၄။ စိုက်ပျိုးရေပြည့်ပြည့်ဝဝ တင်သွင်းပါ။ ရေတင်သွင်းရာတွင် အောက်ရေဆက်သည့်အထိ ပြည့်ပြည့်ဝဝ တင်သွင်းပါ။
၅။ မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးပါ။ အပင်ပေါက်ရာခိုင်နှုန်း ၈၀နှင့်အထက်ရှိသော မျိုးများကို ဂုန်လျှော်တစ်ဧကလျှင် မျိုးစေ့ နှစ်ပြည်နှုန်း၊ ချည်ပေါင်လျှော် တစ်ဧကလျှင် မျိုးစေ့လေးပြည်နှုန်း သုံးစွဲပါ။
၆။ ချည်ပေါင်လျှော်မျိုးစေ့များအား မစိုက်မီ ၃၊ ၄ နေ လှန်းပြီးမှ စိုက်ပျိုးပါ။
၇။ အစိုဓာတ်အချိန်မီအောင်စိုက်ပျိုးပါ။ မျိုးစေ့ချစိုက်ပျိုးရန်အတွက် မြေအစိုဓာတ် သင့်တင့်ချိန်တွင် စိုက်ထွန်ရေးဖွင့် ထွန်ယက်၍ စိုက်ပျိုးပြီး ကြမ်းဖုံးပါ။
၈။ ပိုးမွှားအန္တရာယ်ကာကွယ်နှိမ်နင်းပါ။ ပုရစ်အန္တရာယ်မှကင်းစေရန် စိုက်ခင်းအနီးရှိ အမှိုက်သရိုက်များကို မီးရှို့ဖျက်ဆီးပါ။ပုရစ်ကျရောက်မည့် အန္တရာယ်ရှိပါက မှုားစာအဆိပ်တုံးပြုလုပ်၍ စိုက်ခင်းပတ်ပတ်လည်နှင့် ကွင်းအတွင်းတွင် ချထားပါ။
၉။ နည်းပညာနှင့် အကူအညီရယူလိုပါက နီးစပ်ရာဂုန်လျှော်နှင့် လျှော်မျှင်များ လုပ်ငန်းဌာန၏ ဒေသရုံးများနှင့် ဆက်သွယ် အကူအညီရယူပါ။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

မန္တလေး တောင်တက်ကားလမ်း တိုးချဲ့ ဆုတောင်းပြည့်ဘုရား ဘက်စုံပြုပြင်မွမ်းမံ

မန္တလေး ဧပြီ ၂၅

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် အဖွဲ့သည် ဧပြီ ၂၁ရက် နံနက် ၉နာရီက အောင်မြေသာစံမြို့နယ် မန္တလေးတောင်တော် တောင်တက်ကားလမ်း တိုးချဲ့ပြုပြင်မှုနှင့် မန္တလေးတောင်တော် ဆုတောင်းပြည့်ဘုရား ဘက်စုံပြုပြင် မွမ်းမံမှုလုပ်ငန်းများကို သွားရောက် ကြည့်ရှုစစ်ဆေးကြသည်။ **(ယာပုံ)**

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် မန္တလေးတောင်တော် အတက် ကားလမ်း တိုးချဲ့ပြုပြင်မှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့်ပတ်သက်၍ လမ်းတံတားဌာန ဌာနမှူး ဦးအောင်စိုးက ရှင်းလင်းတင်ပြသည်။

ဖူးမြော်

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် မန္တလေးတောင်တော် ပေါ်သို့တက်ရောက်ပြီး မန္တလေးတောင်တော် ဆုတောင်းပြည့် ဘုရားအား ပန်း၊ ဆီမီး၊ ရေချမ်းများဖြင့် ကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုကြသည်။

တင်ပြ

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် မန္တလေးတောင်တော် ဆုတောင်းပြည့်ဘုရား အနောက်ဘက်မုခ်နှင့် တောင်ဘက်မုခ် အမိုး မျက်နှာကြက်များ ပြုပြင်မှုအခြေအနေနှင့် မန္တလေးတောင်တော် ဘက်စုံပြုပြင်မွမ်းမံမှု လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့်ပတ်သက်၍ အဆောက်အအုံနှင့် ကုန်ရုံဌာန ဌာနမှူး ဦးသန်းလွင်နှင့် ဌာနခွဲမှူး ဦးမျိုးအောင်တို့က ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြို့တော်ဝန်က မန္တလေးတောင်တော် ဘက်စုံ ပြုပြင်မှုလုပ်ငန်းအပိုင်းလိုက် စနစ်တကျ စီမံဆောင်ရွက် သွားရေး အတွက် အဆောက်အအုံနှင့် ကုန်ရုံဌာန ဌာနမှူး၊ ဌာနခွဲမှူးနှင့် တာဝန်ခံအင်ဂျင်နီယာများကို မှာကြားပြီး လုပ်ငန်းလိုအပ်ချက် များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(၁၁၃)**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ခရိုင် ဦးစီးမှူး ဦးလှမြင့်နှင့်အဖွဲ့ ဧပြီ ၁ ရက်က တာချီလိတ်မြို့ ပါဆတ်အဝေးပြေးကားဝင်း တွင် ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းစွာ ခရီးသွားလာနိုင်ရေးနှင့် ယာဉ်မတော် တဆဖြစ်စဉ်များ မဖြစ်ပွားရေးအတွက် ကြီးကြပ်စစ်ဆေးစဉ်။ (ခရိုင် ပြန်/ဆက်)

ရှမ်းပြည်နယ်(တောင်ပိုင်း) အခြေခံပညာ အထက်တန်းအဆင့် ဘာသာရပ်သင်ကြားရေး ဉာဏ်သစ်လောင်း သင်တန်းဆင်း

တောင်ကြီး ဧပြီ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) အခြေခံပညာအထက်တန်းအဆင့် ဘာသာရပ်သင်ကြားရေး ဉာဏ်သစ်လောင်းသင်တန်းဆင်းပွဲ အခမ်းအနားကို မတ် ၂၉ရက် နံနက် ၉ နာရီက ပင်လုံတက္ကသိုလ်ခန်းမဆောင်၌ ကျင်းပသည်။

ပြောကြား

သင်တန်းဆင်းပွဲတွင် အခမ်းအနားမှူး အဖြစ် ပင်လုံတက္ကသိုလ် ပထဝီဝင်ဌာနမှ ဒေါက်တာမေသူနိုင်က အခမ်းအနား အစီအစဉ်များကို တင်ပြပြီး သင်တန်းသို့ တက်ရောက်ခဲ့ကြသည့် အထက်တန်းပြ ဆရာ ဆရာမများကို နယ်မြေခံ တပ်နယ်မှူး ဗိုလ်မှူးကြီးတင်ငွေနှင့် ပင်လုံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ စိုင်းအောင်ဆန်းတို့က သင်တန်းဆင်းအမှာ စကား ပြောကြားကြသည်။

ဆက်လက်၍ ဉာဏ်သစ်လောင်း သင်တန်းတွင် ဘာသာရပ်အလိုက် ထူးချွန်ဆုရရှိသော ဆရာ ဆရာမများအား တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်နှင့်ဆုများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(ယာပုံ)**

(စာပေနှင့်စာနယ်ဇင်း)

ပခုက္ကူမြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပျိုးထောင် ထားမှုကို မကွေးတိုင်းစည်ပင်သာယာ ရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ပိုင်နှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ရှင်းလင်း တင်ပြစဉ်။ (မြို့နယ်စည်ပင်)

မိုးညှင်းမြို့၌ စူဠဘွဲ့နှင်းသဘင်ပွဲကျင်းပ

မိုးညှင်း ဧပြီ ၂၀

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ၁၃၆၉ ခုနှစ် စူဠဘွဲ့နှင်းသဘင် အခမ်းအနားကို ဧပြီ ၆ ရက်က မိုးညှင်းမြို့ စိမ်းလဲ့ရတနာခန်းမ၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဝင် ဆရာတော် မိုးညှင်းမြို့ ဇေယျသုခ ဝါဆိုကျောင်းတိုက်မှ ဘဒ္ဒန္တစန္ဒိမာ၊ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ဘဒ္ဒန္တပညောဘာသနှင့် အဖွဲ့ဝင်များ၊ မြို့ပေါ်ကျောင်းတိုက်များမှ သံဃာများနှင့်စာအောင်သံဃာများ ကြွရောက်ကြပြီး ခရိုင်အေး ချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်ထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးဇော်မင်းဟန်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဓမ္မစကြာဝတ်အသင်းများ တက်ရောက်ကြသည်။

ဆက်ကပ်လှူဒါန်း

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး ဆရာတော် ဘဒ္ဒန္တစန္ဒိမာထံမှ ငါးပါးသီလခံယူ၍ သြဝါဒကထာကိုနာယူကြသည်။ ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်ထွန်းက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး အကြီးတန်းအောင် သံဃာနှင့် သီလရှင်ငါးပါး၊ အလတ်တန်းအောင် သံဃာရှစ်ပါး၊ အငယ်တန်းအောင်သံဃာ ၂၁ ပါး စုစုပေါင်း ၃၂ ပါးတို့အား အောင်လက်မှတ်နှင့် ဝတ္ထုငွေများကို ဆက်ကပ်လှူဒါန်းကြသည်။ (၀၀၂)

ဘားအံမြို့၌ ကတ္တရာလမ်းသစ်ဖွင့်

ဘားအံ ဧပြီ ၁၈

(၆၃) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူတို့ပူးပေါင်း၍ ဘားအံမြို့ အမှတ် ၄ရပ်ကွက် ခတ္တာလမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲကို မတ် ၂၆ ရက် နံနက် ၈နာရီက အဆိုပါ လမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဒုတိယညွှန်ကြား ရေးမှူး ဦးအောင်မင်းနိုင်က ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းကို တင်ပြသည်။

ထို့နောက် အထိမ်းအမှတ် အလံများကို ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ် ဇော်မင်း၊ ပြည်နယ်စည်ပင် သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်၊ ခရိုင်ဥက္ကဋ္ဌ ဦးစောမြတ်ထွဋ်ဝင်းနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးအောင် မင်းနိုင်တို့အား လမ်းကော်မတီမှ ဦးချစ်မောင်ကပေးအပ်သည်။

ဆက်လက်၍ အမှုဆောင်အရာရှိ ဦးအောင်မင်းနိုင်နှင့် လမ်းဖြစ်မြောက်ရေးကော်မတီမှ ဦးကျော်သူထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့် အဖွဲ့ဝင်များ၊ ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်နှင့် ဥက္ကဋ္ဌများ၊ ရပ်မိ ရပ်ဖများ၊ ရပ်ကွက်နေ ပြည်သူများက အဆိုပါ လမ်းကို ဖြတ်လျှောက်၍ ကြည့်ရှုစစ်ဆေးကြသည်။ *(၀၀၈)*

ကြက်ငှက်တုပ်ကွေးရောဂါ အသိပညာမြှင့်တင်မှု ဖွံ့ဖြိုးရေးလုပ်သား သင်တန်းဖွင့်

ဟားခါး ဧပြီ ၂၇

ချင်းပြည်နယ် ဟားခါးမြို့တွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် Care Myanmar တို့ ပူးပေါင်းဖွင့်လှစ်သော ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး ဆိုင်ရာ ပြည်သူလူထု အသိပညာမြှင့်တင်မှု ဖွံ့ဖြိုးရေးလုပ်သားသင်တန်းဖွင့်ပွဲကို ဧပြီ ၂၅ ရက်က မြို့နယ်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၌ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါက်တာဝင်းမြင့်နှင့် Care Myanmar အဖွဲ့မှ အငယ်တန်းစီမံချက်အရာရှိ ဦးစိုင်းကျော်လတ်တို့က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားကြကြောင်း သိရသည်။ (ပြည်နယ် ပြန်/ဆက်)

ဧပြီ ၉ ရက်က မောင်တော မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ဒိုးတန်း တံတား ပြန်လည် ပြုပြင်ရန်အတွက် အမှုဆောင် အရာရှိ ဦးဌေးဝင်း ကွင်းဆင်း ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ကောလင်းမြို့၌ မူခင်းကျဆင်းရေး ပညာပေး ဟောပြော

ကောလင်း ဧပြီ ၁၅

ကောလင်းမြို့နယ် တရားရေး ဦးစီးဌာနက ကြီးမှူး ကျင်းပသည့် မှုခင်းကျဆင်းရေးနှင့် ဥပဒေပညာ ပေးဟောပြောပွဲကို မတ် ၃၀ ရက်က ကောလင်း မြို့နယ် စက်ရုံလယ်ပြင် ရပ်ကွက် အခြေခံပညာ မူလတန်း ကျောင်းကွင်း၌ ကျင်းပရာ မြို့နယ် တရားသူကြီး ဒေါ်ခင်နွဲ့နွဲ့က မှုခင်း ကျဆင်းရေးကိုလည်းကောင်း၊ ဒုတိယ မြို့နယ်တရားသူကြီး ဒေါ်အေးအိခိုင်က ပြစ်မှုဆိုင်ရာ ဥပဒေကို လည်းကောင်း၊ ဒုတိယမြို့နယ်ဥပဒေအရာရှိ ဦးနိုင် ဝင်းဆွေက ဒေသန္တရအခြေအနေအရ ဖြစ်ပွားလေ့ရှိသော မှုခင်းဆိုင်ရာများကို လည်းကောင်း ဟောပြောကြသည်။

(၀၃၂)

ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပန်းအလှများဖြင့် ဝေဆာစွာပွင့် ဖူးနေကြပြီး စဉ်ဆက်မပြတ်သာယာလှပစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက် ရှိရာ ပြင်ဦးလွင်မြို့ ဓာတ်ဆီဆိုင်အဝိုင်းအနီး မြေယာရှုခင်းအလှပြုပြင်ခြင်းလုပ်ငန်း များကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးသန့်ဇင်ခေါင်းဆောင်သောအဖွဲ့ ဝန်ထမ်းများဖြင့် ဆောင်ရွက်နေမှုကို ဧပြီ ၂၁ ရက်ကမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကိုလတ် ကွင်းဆင်းကြပ်မတ်ပေးစဉ်။ (မြို့နယ်စည်ပင်)

30-4 (15).pmd 1 4/30/2008, 1:50 AM

ရန်ကုန်တိုင်း တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်ရှိ မဟာသန္တိသုခဗုဒ္ဓသာသနာပြု ကျောင်းတော်ကြီးဝင်းအတွင်း ဆောက်လုပ်မည့် ဝိသာခါနှစ်ထပ်ကျောင်းဆောင်သစ်၏ ရေချိုးခန်း၊ အိမ်သာပါ အခန်းတစ်ခန်းအတွက် ငွေကျပ်သိန်း ၃၀နှင့် ကျောင်းနေ သံဃာတော်များအတွက် ထာဝရဆွမ်းပဒေသာပင် ငွေကျပ်နှစ်သိန်း စုစုပေါင်းငွေကျပ် ၃၂ သိန်းကို ရန်ကုန်တိုင်း အမှတ် ၂၂ အထက် ပုဇွန်တောင်လမ်း ပုဇွန်တောင်မြို့နယ်နေ ဦးတင်ထူးနှင့် ဒေါ်နွဲ့နွဲ့ဝင်း၊ သားမောင်ထူးအောင်ဝင်း၊ သမီးခင်စုစုဝင်း (ထူး ရေခဲမုန့်) မိသားစုက ကျောင်းပဓာန နာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဇနိကမထေရ်မြတ်ရှေ့မှောက်၌ လှူဒါန်းရာ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဗိုလ်မှူးကြီး စောမြင့်(ငြိမ်း) ဂေါပကအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌက အလှူငွေများ လက်ခံစဉ်။ (က-ပ)

မိုးရွာသွန်းသဖြင့် နှမ်းလျှင်များကြဲပက်

သာစည် ဧပြီ ၁၂

သာစည်မြို့နယ်တွင် ဧပြီ ၁ရက်က မိုးရေချိန် ၂လက်မကျော်အထိ မိုးရွာသွန်းခဲ့သဖြင့် လယ်ယာခွင်များတွင် တောင်သူများ ပျော်ရွှင်စွာ မိုးဦးနှမ်းလျှင်များ ကြဲပက်နေကြပြီ ဖြစ်သည်။

ကောင်းမွန်

ထို့အပြင် ဆောင်းမိုးထောင် ဂရုတ်ပင်များမှာလည်း မိုးရေကို လုံလောက်စွာရရှိသဖြင့် အပင်ရှင်သန်မှုအား ကောင်းမွန်နေကြသည်ကို တွေ့ရသည်။

(၀၉၄)

ဖခင်ကြီးဦးဇော်ဖေ - မိခင်ကြီး ဒေါ်ခင်ညွှန့် (အိုးသည်ကုန်းမြို့)အား ရည်စူး၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် လင်းလွန်းတောင်ရပ်ကွက် ပန်းတနော်လမ်း အမှတ်၃၈နေ သားသမီးများ ဖြစ်ကြသော ဦးခင်ဇော်-ဒေါ်ခင်လေးနွယ်၊ ဒေါ်ခင်သန်းဆွေ၊ ဦးခင်မောင်အေး-ဒေါ်တင်တင်ဌေးမိသားစုက ဒဂုံမြို့နယ် အမှတ် ၁၂ စကားဝါလမ်း မင်းကွန်းတိပိဋက ဆရာတော်ကြီး၏ တိပိဋက ရွှေရတုငွေရတု ကျောင်းတော်ကြီးနှင့် ဆွမ်း၊ ပစ္စည်းလေးပါး ရေ၊ မီး၊ ဆေး၊ စာအောင်ဆုနှင့်ပဒေသာပင် အတွက် အလှူငွေကျပ် ၂၃၀၀၀၀ကို အနုနာယကဆရာတော် ဘဒ္ဒန္တနန္ဒကထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ရုံးအဖွဲ့) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မော်လမြိုင် ကျိုက်သလ္လံ၊ ကျိုက်သုတ်နှင့် ဦးဇိနစေတီများ ဘက်စုံပြုပြင် တည်ဆောက်မှုအတွက် လှူဒါန်းနိုင်

မော်လမြိုင် ဧပြီ ၂၈

မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလ္လံစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း ဘက်စုံပြုပြင် တည်ဆောက်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ အမြန်ဆုံးပြီးစီးနိုင်ရေးအတွက် လှူဒါန်းလိုသူများသည် ကျိုက်သလ္လံစေတီတော်မြတ်ကြီး၏ ဘက်စုံပြုပြင် တည်ဆောက်မှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ မော်လမြိုင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင် ဖုန်း-၀၅၇-၂၄၈၇၇၊ ဘုရားဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း ဖုန်း-၀၅၇-၂၃၀၀၄နှင့် ၀၅၇-၂၁၃၃၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

အလားတူ မော်လမြိုင်မြို့ မရမ်းကုန်းရပ်ကွက်ရှိ ဆံတော်ရှင် ဆုတောင်းပြည့် ကျိုက်သုတ်စေတီတော်မြတ်ကြီး၏ ပရိဝုဏ်၌ ဘက်စုံပြုပြင်တည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ လှူဒါန်းလိုသူများသည် ကျိုက်သုတ်စေတီတော်မြတ်ကြီး ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးရွှေရင် ဖုန်း-၀၅၇-၂၅၅၃၁၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဇော် ဖုန်း-၀၅၇-၂၅၅၈၂၊ အတွင်းရေးမှူး ဦးမျိုးခိုင် ဖုန်း-၀၅၇-၂၄၆၉၀ နှင့် မော်လမြိုင်အသင်း(ရန်ကုန်) ရွှေတိဂုံစေတီတော်အနောက်ဘက်မုခ် အောက်ပစ္စယာ ဖုန်း-၀၁-၂၅၆၁၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ထို့အပြင် မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်ကွက်ရှိ သမိုင်းဝင်ဆံတော်ရှင် ဦးဇိနစေတီတော်မြတ်ကြီး၏ ပရိဝုဏ်၌ ပြုပြင်တည်ဆောက်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ အမြန်ဆုံးပြီးမြောက်ရေးအတွက် တည်ဆောက်ပြုပြင်ရေး ကော်မတီ နာယက ဦးစိန်မြင့် ဖုန်း-၀၅၇-၂၆၄၇၉ နှင့် အတွင်းရေးမှူး ဦးလှတင် ဖုန်း-၀၅၇-၂၁၉၃၆ တို့သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

မြို့နယ် သတင်းများ

မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူ ဈေးသူ ဈေးသားများ၏ (၂၈)ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲနှင့် အဘိဓမ္မာ ခုနစ်ကျမ်း ရွတ်ဖတ်ပူဇော်ပွဲကို ဧပြီ ၂၀ ရက်မှ ၂၄ ရက်အထိ ငါးရက် ကျင်းပရာ ပိတ်ပွဲအခမ်းအနားတွင် ဒေဝသာဂရ သိမ်ကုန်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုသလကအား ဈေးတာဝန်ခံ ဦးဖြေမင်းနှင့် ပဋ္ဌာန်းပွဲဖြစ်မြောက်ရေးနှင့် ဈေးသာယာရေး ကော်မတီဥက္ကဋ္ဌ ဦးထင်အောင် (သင့်မိတ်ဆွေ ကဖီး)တို့က လှူဖွယ်ဝတ္ထု ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

အင်းတော်မြို့နယ် သမဝါယမအသင်းမိသားစု ဈေးကွက်ဝင် သီးစုံယိုထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်

အင်းတော် ဧပြီ ၁၀

အင်းတော်မြို့နယ် သမဝါယမဦးစီးဌာနနှင့် မြစ်ကြီးနားအခြေစိုက် မေတ္တာဖောင်ဒေးရှင်း လူမှုရေး အသင်းအဖွဲ့တို့ ပူးပေါင်းကြီးမှူးဖွင့်လှစ်သည့် အင်းတော်မြို့နယ်သမဝါယမအသင်းသား မိသားစုများ ဈေးကွက်ဝင် သီးစုံယိုထုတ်လုပ်မှုနည်းပညာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ် ၂၉ ရက် နံနက် ၁၀နာရီက အင်းတော်မြို့နယ် သုက္ခာကျေးရွာအုပ်စု ကျွန်းတောကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲ၌ ကျင်းပသည်။

ပြောကြား

အခမ်းအနားတွင် မြို့နယ်သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိ ဦးရဲညွှန့်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအတွင်းရေးမှူး ဦးချစ်ဆွေနှင့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဦးကျော်သီဟတို့က သင်တန်းဖွင့်အမှာစကား ပြောကြားကြသည်။

ပို့ချ

သင်တန်းတွင် အင်းတော်မြို့နယ် အတွင်း ထွက်ရှိသော တန်ဖိုးနည်းသီးနှံများဖြစ်သည့် နာနတ်ယို ဝိုင်ပြုလုပ်နည်း၊ စောင်းလျားဖျော်ရည် ပြုလုပ်နည်း၊ ခရမ်းချဉ်ယို ပြုလုပ်နည်း၊ ငှက်ပျောကြော် ထုတ်လုပ်နည်း၊ ငှက်ပျောယို ဝိုင်ထုတ်လုပ်နည်း၊ ကျောက်ဖရုံယိုထုတ်လုပ်နည်း၊ ဟော်လန်သံပရာ ဖျော်ရည်ထုတ်လုပ်နည်း၊ မန်ကျည်းသီးယို ထုတ်လုပ်နည်း၊ ဆီးသီးယိုထုတ်လုပ်နည်း များကို စာတွေ့လက်တွေ့ သင်ကြားပို့ချကြောင်း သိရသည်။ (၀၃၀)

ပြည်မြို့၌ မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြော

ပြည် ဧပြီ ၁၅

မြန်မာ့မီးရထား ဒီဇယ်စက်ခေါင်းပြင်ရုံ(ပြည်) ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များအား မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲ အခမ်းအနားကို ဧပြီ ၉ ရက် ညနေ ၄ နာရီက မြန်မာ့မီးရထား ဒီဇယ်စက်ခေါင်းပြင်ရုံ(ပြည်)တွင် ကျင်းပရာ ပြည်ခရိုင် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ရွှေထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒီဇယ်စက်ခေါင်းရုံ အလုပ်ရုံစက်ရုံအုပ် ဦးညီညီနိုင်နှင့် ဝန်ထမ်းများ၊ အိမ်ထောင်သည် မိသားစုဝင်များ တက်ရောက်ကြသည်။**(အောက်ပုံ)**

အခမ်းအနားတွင် မြန်မာ့မီးရထား ဒီဇယ်စက်ခေါင်းပြင်ရုံ စက်ရုံအုပ် ဦးညီညီနိုင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်ခရိုင် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ရွှေထွန်းက သဘာဝမီးဘေးအန္တရာယ်ကာကွယ်နိုင်ရန်နှင့် မြန်မာ့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး လုပ်ငန်းမှ ဝိုင်ယာရှော့ဖြစ်ပွားနိုင်မှု အခြေအနေများကိုလည်းကောင်း အကျယ်တဝင့် ရှင်းလင်းဟောပြော ဆွေးနွေးခဲ့ကြောင်း သိရသည်။ (၀၅၇)

ကျန်းမာရေးနေ့ အခမ်းအနား ကန့်ဘလူ၌ကျင်းပ

ကန့်ဘလူ ဧပြီ ၁၅

၂၀၀၈ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အခမ်းအနားကို ဧပြီ ၇ရက် နံနက် ၁၀ နာရီက ကန့်ဘလူမြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး သာထွန်း၊ မြို့နယ်ပညာရေးမှူး ဦးဟင်နရီ၊ မြို့နယ်ဆရာဝန်ဒေါက်တာဌေးကြွယ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ကြက်ခြေနီအဖွဲ့၊ မီးသတ်တပ်ဖွဲ့ စသည့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကမ္ဘာ့ကျန်းမာရေးနေ့ အခမ်းအနားသို့ ပေးပို့သော ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး၏ သဝဏ်လွှာနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာတို့ကို ဒေါက်တာဌေးကြွယ် ဖတ်ကြားကြောင်း သိရသည်။ (၀၂၇)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ဧပြီ ၁၂ရက်က ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော မူးတိမ်ချောင်းကူးတံတား လုပ်ငန်းခွင်ကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးနီထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ အင်ဂျင်နီယာမှူးဦးသင်းမင်းလတ်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

စဥ့်ကိုင်ကန်သာယာစာကြည့်တိုက် အဆောက်အအုံဖွင့် ရေဒီယို၊ စာအုပ်စာစောင်နှင့် ငွေပဒေသာပင်စိုက်ထူ

စဥ့်ကိုင် ဧပြီ ၁၀

စဥ့်ကိုင်မြို့နယ် ကန်ဆွယ်ကျေးရွာ ကန်သာယာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ၊ ရေဒီယို၊ စာအုပ်စာစောင်နှင့် ငွေပဒေသာပင်စိုက်ထူ လှူဒါန်းပွဲကို မတ်၂၈ရက် နံနက် ၁၀နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ရွှေက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြီး ကျေးရွာဥက္ကဋ္ဌ ဦးမောင်ဌေး၊ ဦးထွန်းဝေတို့က ရေဒီယိုတစ်လုံး၊ ဦးချိုတူး-ဒေါ်သန်းသန်းဌေး(ဖြူ) လွယ်အိတ်လုပ်ငန်း ပလိပ်မြို့က သုတ၊ ရသ စာအုပ် ၃၃အုပ်နှင့် ငွေပဒေသာပင်ကျပ်တစ်သောင်း၊ မြန်မာ့အလင်းသတင်းစာ တစ်နှစ် စာငွေကျပ်နှစ်သောင်းလေးထောင်၊ ဒို့ကျေးရွာဂျာနယ် တစ်နှစ်စာ ငွေကျပ်လေးထောင့်ရှစ်ရာ၊ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းစည်းရုံးရေးမှူး ဦးချစ်သိန်းက ငွေကျပ် ငါးထောင်၊ ဦးနိုင်ဝင်းအောင် (ပလိပ်မြို့)က သုတ၊ ရသစာအုပ်၃၀ကို ပေးအပ် လှူဒါန်းကြရာ ကျေးရွာဥက္ကဋ္ဌက လက်ခံယူကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓ သာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီရုံးခန်း (ဗဟန်း ၃လမ်းမှတ်တိုင်အနီး)တွင် ၁၉၇ အခန်း၃ ဗိုလ်တထောင် ဘုရားလမ်းနေ နှစ်ဖက်သော မိဘများနှင့် ဒေါ်သန်းကြည်အား ရည်စူး၍ ဦးခင်ညွှန့်မိသားစုက အလှူငွေကျပ်တစ်သိန်းကို ဦးစန်မင်း(စာရင်းစစ်)သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပြည်ရွှေဆံတော်စေတီတော်၌ အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်

ပြည် ဧပြီ ၂၃

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော် စေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး (၃၂)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၁၉ရက် နံနက် ၆နာရီက ရွှေဆံတော်စေတီ ရင်ပြင်တော်ရှိ ကျားပျံမွှာရုံကြီးအတွင်း၌ ကျင်းပသည်။

ငါးပါးသီလ

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်၍ ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဝိသုဒ္ဓါရုံ ဗာရာဏသီ ကျောင်းတိုက်၏ ပဓာနနာယက အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တနာဂဝံသ ဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ထို့နောက် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်က သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး **(အောက်ပုံ)**ဂေါပကအဖွဲ့ကိုယ်စား အလှည့်ကျ ဂေါပက ဦးသိန်းတန်က မဟာပဋ္ဌာန်းဒေသနာတော် နှစ်စဉ်မပျက် ကျင်းပရခြင်းအကြောင်းကို လျှောက်ထားသည်။

သိကောင်းစရာ

ဆက်လက်၍ ဒေဝနိမန္တန ဂါထာတော်ဖြင့် အရှင်ဂါရဝက နတ်ဗြဟ္မာများကို ဖိတ်ကြား၍ ရောင်ခြည်တော်ဖွင့် ဂါထာဖြင့် ပူဇော်ပြီး ပဋ္ဌာန်းဒေသနာတော်အကြောင်း သိကောင်းစရာ အဖြာဖြာကို အရှင်ကုဏ္ဍလိတက အမေးပုစ္ဆကအဖြစ် ဆောင်ရွက်တော်မူ၍ အရှင်ကောသလ္လက အဖြေဝိဿဇ္ဇနကအဖြစ် ဆောင်ရွက်တော်မူသည်။

ပူဇော်

ထို့နောက် ပဋ္ဌာန်းဥဒ္ဒေသနေ ဂါထာတော်ဖြင့် အရှင်တေဇောနေက ပန်ကြားလျှောက်ထားပြီး ပဋ္ဌာနဘာဏကနှင့် သံဃာတော် အရှင်မြတ်များက ပဋ္ဌာန်းဒေသနာတော်ကို စတင် ရွတ်ဖတ်ပူဇော်ကြသည်။ (၀၄၉)

(၁၅)ကြိမ်မြောက် ရဟန်းခံ ရှင်ပြုပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၂၉

ရန်ကုန်မြို့ သာကေတမြို့နယ် နတ်မောက်ကျောင်းပရိယတ္တိစာသင်တိုက် ဘုန်းတော်ကြီးသင် ပညာရေးအလယ်တန်းကျောင်း၌ (၁၅)ကြိမ်မြောက် ရဟန်းခံ၊ ရှင်ပြုပွဲကို ဧပြီ ၁၁ရက်က အဆိုပါ စာသင်တိုက်ရှိ ယုဇနဗိမာန်တော်၌ ကျင်းပရာ အလှူရှင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် အောင်မင်္ဂလာရပ်ကွက်နေ ဆရာကြီး အရဟံဆရာအောင်၊ ဇနီးဒေါ်နှင်းရည်ကျော် မိသားစုတို့က ဆရာတော်၊ သံဃာတော်များအား သိမ်ဆင်းနှင့် ဆွမ်းများ လောင်းလှူကြသည်။ **(အပေါ်ပုံ)**

ဆက်ကပ်လှူဒါန်း

အလှူရှင်မိသားစုတို့က ဆရာတော်၊ သံဃာတော်များအား ငွေကျပ် ၂၈သိန်းတန်ဖိုးရှိ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ **(သတင်းစဉ်)**

မြို့နယ် သတင်းများ

နမ့်စန်မြို့ မြို့မကျောင်းလမ်း(မြို့ပြ) ကတ္တရာလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ရက်က အဆိုပါ လမ်းထိပ်မုခ်ဦး၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်သန်းသန်းဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိဦးမြတ်ခန့်အေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ယဉ်ကျေးလိမ္မာ ဓမ္မစာအုပ်များလှူဒါန်း

ပဲခူး ဧပြီ ၁၅

ပဲခူးမြို့ ပရဟိတစေတနာရှင်နှင့် ကလျာဏမိတ္တ နာရေးကူညီမှု အသင်း၏ ဩဝါဒါစရိယ ပရဟိတကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တကိတ္တိအရှင်မြတ်သည် ကိုယ်တိုင်ရေးသားပြုစုတော်မူသော ဘဝစာမျက်နှာများ၏ ကျေးဇူးရှင်အမည်ရှိ ယဉ်ကျေးလိမ္မာ ဓမ္မစာအုပ်များကို ပြည်သူများ ဖတ်ရှုနိုင်ရေးအတွက် ပဲခူးခရိုင်ပြည်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်သို့ ပေးအပ်လှူဒါန်းရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်လှလှက လက်ခံရယူပြီး ဂုဏ်ပြုလက်မှတ်ကို ဆက်ကပ်လှူဒါန်းသည်။

လက်ခံ

ထို့နောက်ဆရာတော်၏ ကိုယ်စား ကဗျာဆရာမိုးမြင့်လွင်(ပဲခူးမြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ အမှုဆောင်)က လက်ခံယူကြောင်း သိရသည်။ **(အောက်ပုံ)** (၁၆၇)

ပခုက္ကူမြို့နယ်အသင်း(ရန်ကုန်) ရွှေရတုသဘင်အတွက် အလှူငွေပေးအပ်

ရန်ကုန် ဧပြီ ၂၉

ပခုက္ကူမြို့နယ်အသင်း(ရန်ကုန်)သည် ၁၉၆၀ပြည့်နှစ်တွင် စတင် တည်ထောင်ခဲ့သဖြင့် လာမည့် ၂၀၁၀ ပြည့်နှစ်တွင် နှစ်၅၀ပြည့်မြောက်ပြီဖြစ်၍ ရွှေရတုသဘင် ကျင်းပရန် စီစဉ်လျက်ရှိရာ ယင်းအခမ်းအနားအတွက် အသင်းနာယက ဦးတင်အောင်က အလှူငွေကျပ် တစ်သိန်းနှင့် တွဲဖက်အတွင်းရေးမှူး ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်)က အလှူငွေကျပ်တစ်သိန်း တို့ကို မတ် ၂၂ရက်က အသင်းတည်ရှိရာ ပခုက္ကူမွှာရုံ၌ အသင်းဥက္ကဋ္ဌဦးတင်မောင်ဝင်း ထံသို့ ပေးအပ်လှူဒါန်းကြသည်။**(အပေါ်ပုံ)**

အလားတူ ရွှေရတုသဘင်အခမ်းအနားအတွက် လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း ဖုန်း-၆၆၄၄၈၅၊ ဒုတိယဥက္ကဋ္ဌဦးမျိုးဆန်း ဖုန်း-၃၈၃၈၅၇ နှင့် အတွင်းရေးမှူးဦးကြည်ဝင်း ဖုန်း-၇၂၀၂၀၂ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီတွင် ငါးဖမ်းဆီးခြင်းမပြုရန် ပညာပေးနှိုးဆော်ချက်

“ငါးရစ်ငါးသန်ဘေးမဲ့ချန်၊ ပုံမှန်စားသုံး မျိုးမသုဉ်း”

၁။ မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်ချောင်းအင်းအိုင် အနှံ့အပြား၌ ဥများဖြင့်ပြည့်နေသော ငါးမကြီးများနှင့် မျိုးရည်ပြည့်ဝသော ငါးထီးကြီးများသည် ဥချရန်နေရာရှာဖွေ၍ ငါးရစ်တက်ကြပါသည်။

၂။ ထိုငါးရစ်ငါးများကို ဖမ်းဆီးလိုက်ပါက ပေါက်ပွားလာမည့် သန်းပေါင်းများစွာသော နုနယ်လှသည့် ငါးသားပေါက်လေးများသည်လည်း သေကျေပျက်စီးကာ တစ်နိုင်ငံလုံး ဖူလုံစွာစားသုံးမှုနှင့် အမျိုးသားစီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူမပြုနိုင်တော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်ပါသည်။

၃။ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ်(၂/၉၂)ဖြင့် ငါးရစ်၊ ငါးသန်ရာသီချိန်များတွင် ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး ငါးများ ဖမ်းဆီးခြင်း မပြုရန် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ရေချိုငါးလုပ်ငန်း ဥပဒေပုဒ်မ ၄၅အရ ဖမ်းဆီးတရားစွဲဆိုအပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားပါသည်။

၄။ သို့ပါ၍ ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီအချိန်များတွင် လွတ်လပ်စွာ ဥချသားပေါက်နိုင်ရန် ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြပါရန်နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန။

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် အင်္ဂပူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေကျပ် သိန်း၁၁၀ဖြင့် ဆောင်ရွက်ပြီးစီးသော အင်္ဂပူ-ရေကျော် ကျေးလက်ကျောက်ချောလမ်း ဖွင့်ပွဲကို မတ် ၂၆ရက်က ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့ ဒုတိယရဲမှူးလှဝင်း၊ မြို့နယ်အမှုဆောင်အရာရှိ ဦးတင်ကိုကိုနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြတ်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

မြစ်ကြီးနားမြို့၌ ကျေးရွာချင်းဆက် တံတားပြင်ဆင်မွမ်းမံ

မြစ်ကြီးနား ဧပြီ ၁၈

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ (၂) ဦးဖြိုးဝေလင်းနှင့်အဖွဲ့သည် ပမ္မတီးကျေးရွာနှင့် ပြည်ထောင်ကျေးရွာ ဆက်စပ်လမ်းပေါ်တွင် အရှည်ပေ၂၀၊ အကျယ်ငါးပေရှိ ရေကျော်တံတား ပျက်စီးနေ၍ မိုးရာသီ ဆက်သွယ်သွားလာမှု ကောင်းမွန် စေရေးအတွက် အမြင့်နှစ်ပေမြှင့်တင်ပြီး ကွန်ကရစ်ကြမ်းခင်းခြင်းနှင့် ချဉ်းကပ်လမ်းများ ပြုပြင်မွမ်းမံခြင်း လုပ်ငန်းကို မတ် ၃၁ရက်က မြို့နယ်တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူးဦးဇော်မိုးနှင့် အင်ဂျင်နီယာမှူးဦးသိန်းမြင့်တို့ ကွင်းဆင်းကြီးကြပ်၍ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

- မျိုးချစ်စိတ်ဓာတ် ထက်သန်သူတိုင်း . .
- လုံးဝလွတ်လပ်ရေးကို မြတ်နိုးသူတိုင်း . .
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို လိုလားသူတိုင်း . .
- နယ်ချဲ့စွက်ဖက်မှုနှင့် နယ်ချဲ့သြဇာခံအဖြစ်ကို မလိုလားသူတိုင်း . .
- နယ်ချဲ့ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရ ပေါ်ပေါက်လာမည်ကို လက်မခံနိုင်သူတိုင်း . .

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို တစ်ခဲနက် ထောက်ခံမဲပေးကြစို့။

ပြည်သူအားလုံး ထောက်ခံကြ

အရင်းရှင်၊ ဆိုရှယ်လစ် ဟစ်ချင်ဟစ်
ဒီမိုကရေစီဖြစ်ချင်ဖြစ်။
မည်သည့်စနစ်ဖြစ်ပါစေ
အခြေခံဥပဒေလိုအပ်ပေ။
ဒို့ရေမြေနဲ့ လိုက်ဖက်လှ
ပြည်သူအားလုံးထောက်ခံကြ။ ။

အေးမြသီတာ(ကလော)

- မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
  ဆူပူမှုဖြင့် ဒီမိုကရေစီ မရနိုင်။
  အခြေခံဥပဒေဖြင့်သာ
  ဒီမိုကရေစီ ရနိုင်သည်။

- ဒို့အနာဂတ် ဒို့ဖန်တီးဖို့
  အခြေခံဥပဒေ အတည်ပြုစို့။

နိုင်ငံနှင့်လူမျိုး တိုးတက်ကြီးပွားရေး လက်တွေ့ဘဝ အသုံးကျမည့်ပညာရပ်များနှင့် အနာဂတ်ကာလတိုင် ရှင်သန်ရပ်တည်နိုင်မည့်ပညာရပ်များ ဖြစ်ထွန်းရေးကြိုးပမ်း

နေပြည်တော် ဧပြီ ၂၉

ပညာရေးဝန်ကြီးဌာန ၂၀၀၈ ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ပျဉ်းမနားရေဆင်းရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ရွှေရတုခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ *စာမျက်နှာ ၈ ကော်လံ ၁* ■

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ပညာရေးဝန်ကြီးဌာန ၂၀၀၈ ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများ၊ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။
(သတင်းစဉ်)